# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၂ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၄ရက်၊ ၂၀၁၀ခုနှစ်၊ အောက်တိုဘာ ၁၂ရက်၊ အင်္ဂါနေ့၊ အတွဲ(၅၀)၊ အမှတ်(၁၂)


## နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ

## ထိုင်းနိုင်ငံဝန်ကြီးချုပ် ဦးဆောင်သော ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များအား လက်ခံတွေ့ဆုံ

**နေပြည်တော်　အောက်တိုဘာ　၁၁**

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်သို့ ချစ်ကြည်ရေးခရီးရောက်ရှိနေသည့် ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာ အဘီဆစ် ဝဲ့ချာချီဝ ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များအား ယနေ့မွန်းလွဲ ၁၂နာရီ ၁၅မိနစ်တွင် နေပြည်တော်ရှိ ဗေဒါသီရိဗိမာန်၌ လက်ခံ တွေ့ဆုံသည်။

**တက်ရောက်**

ထိုသို့ လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အတူ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် သူရဦးရွှေမန်း၊ နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) သီဟသူရ ဦးတင်အောင်မြင့်ဦး၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဦးတင်အေး၊ ကာကွယ်ရေးဝန်ကြီးဌာနမှ *စာမျက်နှာ ၃ ကော်လံ ၁ ❍*



**နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာ အဘီဆစ် ဝဲ့ချာချီဝအား နေပြည်တော်ရှိ ဗေဒါသီရိဗိမာန်၌ ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။**

(သတင်းစဉ်)

## နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ စပိန်နိုင်ငံ အမျိုးသားနေ့သဝဏ်လွှာပေးပို့

**နေပြည်တော်　အောက်တိုဘာ　၁၂**

၂၀၁၀ ခုနှစ် အောက်တိုဘာ ၁၂ရက်တွင် ကျရောက်သော စပိန်နိုင်ငံ၏ အမျိုးသားနေ့ အခါသမယ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ စပိန်နိုင်ငံ ဘုရင် ပထမမြောက် ဟွန် ကားလို့စ် ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာ ပေးပို့သည်။ **(သတင်းစဉ်)**



**နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာ အဘီဆစ် ဝဲ့ချာချီဝအား နေပြည်တော်ရှိ ဗေဒါသီရိဗိမာန်၌ လက်ခံတွေ့ဆုံစဉ်။**

(သတင်းစဉ်)

### နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

### စီးပွားရေး ဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်း ပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

### လူမှုရေး ဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၁၀ ခုနှစ် အောက်တိုဘာ ၁၂ရက်)

# ဖွံ့ဖြိုးတိုးတက်မှု၏ အခြေခံကောင်းများ တန်ဖိုးရှိရှိအသုံးချ

လမ်းပန်းဆက်သွယ်မှု ကောင်းမွန်ရေးသည် ဒေသတစ်ခု၊ နယ်မြေတစ်ခု ဖွံ့ဖြိုးတိုးတက်ရေးအတွက်သာမက နိုင်ငံတော်ကြီး ဖွံ့ဖြိုးတိုးတက်ရေးအတွက်ပါ အခြေခံကျသည့် လိုအပ်ချက်ဖြစ်သည်။

ယနေ့ကာလတွင် ကားလမ်းများသာမက ရထားလမ်းများကိုပါ တိုးချဲ့ဖောက်လုပ်ပေးခဲ့သဖြင့် ဒေသခံပြည်သူများ သွားလာဆက်သွယ်မှု လွယ်ကူကာ ကုန်စည်စီးဆင်းမှု ပိုမိုမြန်ဆန်လာခဲ့သည်။

ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားက တာဝန်ယူဖောက်လုပ်ပြီးစီးသည့် ကြံခင်း-ပခုက္ကူရထားလမ်း ဖောက်လုပ်ရေးစီမံကိန်း၏ ဆိပ်ဖြူ-ဆင်ဖြူကျွန်းရထားလမ်းပိုင်း ဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာလ ၉ရက်နေ့က မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့ရှိ ဆိပ်ဖြူဘူတာအနီး မင်္ဂလာမဏ္ဍပ်၌ ကျင်းပခဲ့သည်။

ဆိပ်ဖြူ-ဆင်ဖြူကျွန်းရထားလမ်းပိုင်း ဖွင့်လှစ်ပေးခြင်းဖြင့် ဆိပ်ဖြူမြို့နယ်နှင့် ဆင်ဖြူကျွန်းအကြား ခရီးသည်ပို့ဆောင်မှုများ၊ ကုန်စည် စီးဆင်းမှုများသည် ကုန်ကျစရိတ်သက်သာသွားပြီး ရထားလမ်းတစ်လျှောက်ရှိ ဒေသခံပြည်သူများ၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုစီးပွားရေး တို့သည်လည်း ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။

ဆင်ဖြူကျွန်း-ပွင့်ဖြူရထားလမ်းပိုင်းကိုလည်း ယခုနှစ် နှစ်ကုန်ပိုင်းအတွင်း ဖွင့်လှစ်နိုင်ရန် ကြိုးပမ်းအကောင်အထည်ဖော်လျက်ရှိသည်။ ပွင့်ဖြူ-မင်းဘူးရထားလမ်းပိုင်းနှင့် ကျွန်းချောင်း-ယောချောင်းရထားလမ်းပိုင်းတို့ကိုပါ ဖွင့်လှစ်ပြီးလျှင် ရန်ကုန်-မန္တလေး-မြစ်ကြီးနားရထား လမ်းကြီးနှင့်အပြိုင် ကလေးမြို့မှ ဂန့်ဂေါ၊ ပခုက္ကူ၊ မင်းဘူးမှတစ်ဆင့် မြန်မာနိုင်ငံအောက်ပိုင်း ပုသိမ်၊ ရန်ကုန်(လှိုင်သာယာ)အထိ မီးရထားနှင့် တစ်ဆက်တစ်စပ်တည်း သွားနိုင်တော့မည်ဖြစ်သည်။

တစ်ချိန်က လမ်းပန်းဆက်သွယ်မှုအခက်အခဲကြောင့် တစ်မြေတည်းနေ တစ်ရေတည်းသောက်ကြသည့် ပြည်ထောင်စုဖွား တိုင်းရင်းသား ညီအစ်ကိုများသည် အနေနီးလျက် ခရီးဝေးခဲ့ကြသည်။ ယခုအခါ လမ်းပန်းဆက်သွယ်မှုကောင်းမွန်လာသည်နှင့်အမျှ ရေကြောမြေကြော တစ်ဆက် တစ်စပ်တည်း ဖြစ်လာခဲ့သည်။ တိုင်းရင်းသားညီအစ်ကိုအချင်းချင်းသည်လည်း ကူးလူးဆက်သွယ်မှု လျင်မြန်လွယ်ကူကာ ချစ်ကြည်ရင်းနှီးမှု ပိုမိုဖြစ်ထွန်းလာခဲ့သည်။

ထိုသို့ ကုန်စည်စီးဆင်းမှု မြန်ဆန်လွယ်ကူသဖြင့် လူမှုစီးပွားဘဝ တိုးတက်လာစေသော၊ တိုင်းရင်းသားညီအစ်ကိုအချင်းချင်း ချစ်ကြည် ရင်းနှီးမှုကို ပိုမိုဖြစ်ထွန်းစေသော ရထားလမ်း၊ ကားလမ်းစသည့် အခြေခံကောင်းများကို တိုင်းရင်းသားပြည်သူများက တန်ဖိုးရှိရှိအသုံးချပြီး ထိုအခြေခံကောင်းများကို အမွေခံကောင်းများအဖြစ် ရေရှည်အသုံးပြုနိုင်ရေးအတွက် ထိန်းသိမ်းစောင့်ရှောက်သွားသင့်ပါကြောင်း တိုက်တွန်းရေးသား လိုက်ရပါသည်။ ။

## ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက် စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## မြန်မာပို့စ်ဂျာနယ်ဖြန့်ချိ

ရန်ကုန် အောက်တိုဘာ ၁၁

မြန်မာပို့စ်ဂျာနယ် အတွဲ (၂)၊ အမှတ် (၃၉)ကို ရန်ကုန်မြို့ ရန်ကင်းမြို့နယ် အနောက်မြင်းပြိုင်ကွင်းလမ်းနှင့် ဆရာစံလမ်းထောင့်ရှိ United Media Group မှ မြန်မာနိုင်ငံတစ်ဝန်းလုံးသို့ ထုတ်ဝေဖြန့်ချိလိုက်သည်။

မြန်မာပို့စ်ဂျာနယ်တွင် ကေဘယ်လ်ကြိုးမလိုဘဲ ဂြိုဟ်တုဆက်သွယ်ရေး စနစ်ဖြင့် နေရာမရွေး နိုင်ငံတကာတီဗွီလိုင်းများ ကြည့်ရှုနိုင်သည့် DTH စနစ်နှင့် တီဗွီ၊ တယ်လီဖုန်း၊ အင်တာနက်နှင့် အခြားဝန်ဆောင်မှုမျိုးစုံသုံးနိုင်သည့် MPS စနစ်လာပြီ မျက်နှာဖုံး သတင်းဆောင်းပါးနှင့် ကမ္ဘာ့တစ်ဝန်းတွင် လူပေါင်းသန်း ၁၀၀၀ကျော်မွတ်ခေါင်းပါးနေ၊ စားသောက်ကုန်ဈေးနှုန်းမြင့်တက်သဖြင့် ဝယ်ယူရန် အခက်အခဲရှိဆောင်းပါး၊ လပွတ္တာမြို့နယ် စလူဆိပ်ကျေးရွာ၌ စက်လှေနစ်မြုပ်၊ လူ ၁၉ဦးသေဆုံး၊ သုံးဦးပျောက်ဆုံး၊ ၅၇ဦး အသက်ရှင်၊ ကင်ဆာရောဂါအချို့ကို ကာကွယ်ကုသပေးနိုင်မည့် ကင်ဆာလမ်းကြောင်းပိတ်ဆေး မကြာမီပေါ်လာတော့ မည် စသည့်သတင်းများကို ဖော်ပြထားသည်။

ထို့အပြင် ၂၀၁၀ခုနှစ် ရွေးကောက်ပွဲနှင့် စပ်လျဉ်း၍ ဒီမိုကရေစီနိုင်ငံတော် ဆိုတာ၊ တကယ်ချစ်တာသေချာရဲ့လား၊ ဥပဒေပြင်လိုက်ရုံနဲ့ ချက်ချင်းဒီမိုကရေစီ နိုင်ငံမဖြစ်ဘူး၊ ဤကိုယ်စားလှယ်မျိုး မဲပေးလိုသည်၊ ဘာကြောင့်လဲ၊ ဘာဖြစ်လို့လဲ၊ ဘယ်လိုလဲစသည့် ဆောင်းပါးများ၊ အမျိုးသားဒီမိုကရေစီအင်အားစုပါတီ ပဲခူးတိုင်း ဒေသကြီး ရွေးကောက်ပွဲ အောင်နိုင်ရေးရုံးဖွင့်၊ ပြည်ထောင်စုဒီမိုကရေစီပါတီ ပဲခူးတိုင်းဒေသကြီး အောင်နိုင်ရေးရုံးဖွင့် အပါအဝင်သတင်းများကို ဖော်ပြထားသည်။

ထို့ပြင် ဘတ်ငွေဘီလျံ ၄၀၀ရင်းနှီးမြှုပ်နှံမည့် ထားဝယ်ရေနက်ဆိပ်ကမ်း တည်ဆောက်ရေးစီမံကိန်း ITD ကုမ္ပဏီနှင့် အောက်တိုဘာလကုန်တွင် လက်မှတ် ရေးထိုးမည်၊ ဘဏ်လုပ်ငန်း၊ ဗီဇာနှင့် လျှပ်စစ်ဓာတ်အားစီမံကိန်းများ မြန်မာ-ဘင်္ဂလားဒေ့ရှ် ပူးပေါင်းဆောင်ရွက်မည်၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီပိုင် အဆင့်မြင့် ဟိုတယ်ငှားရမ်းမည်၊ Ruby Mart (Yangon) ဖွင့်လှစ်လိုက်ပြီ၊ အရှေ့တောင်အာရှနှင့် အာရှကာယဗလမောင်ပြိုင်ပွဲတွင် မြန်မာကာယ ဗလ မောင်သုံးဦး ရွှေ၊ ငွေဆုတံဆိပ်များ ရရှိ၊ ရွေးကောက်ပွဲအပြီး ပေါ်ထွက်လာမည့် ဈေးကွက်ကိုမျှော်၍ ပြည်ပမှရင်းနှီးမြှုပ်နှံလိုကြ၊ ကောက်ပဲသီးနှံ လက်ရောက် အပေါင်ထား၍ ဘဏ်မှငွေချေးလျှင် ကုန်ပစ္စည်းများကို အာမခံထားရန်လို၊ ကြို့ပင်ကောက်ဈေးမီးလောင်မှုမှ ဆိုင်ခန်းရှစ်ခန်းအတွက် မီးအာမခံလျော်ကြေး ပေးမည်၊ သရုပ်ဆောင်မင်းသမီးများပြောတဲ့ အလှအပနဲ့ ဖက်ရှင်ဆိုတာ စသည့် စိတ်ဝင်စားဖွယ် သတင်းများ ဖော်ပြပါရှိသည်။ **(သတင်းစဉ်)**



## အရန်သားဖွားဆရာမ သင်တန်းဖွင့်

ဖျာပုံ အောက်တိုဘာ ၁၁

ဧရာဝတီတိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နှင့် ကျန်းမာရေးဦးစီးဌာနတို့ ပူးပေါင်းဖွင့်လှစ်သော အရန်သားဖွားဆရာမ သင်တန်းဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၇ရက်က ဖျာပုံခရိုင် ဖျာပုံမြို့နယ်၌ကျင်းပရာ ဧရာဝတီတိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်သက်သက်ဆွေက သင်တန်းဖွင့် အမှာစကားပြောကြားပြီး **(အပေါ်ပုံ)** ဆက်လက်၍ ဖျာပုံခရိုင်ဆေးရုံအုပ်ကြီး ဒေါက်တာဦးညီညီမင်းက သင်တန်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

### လှည့်လည်ကြည့်ရှု

သင်တန်းဖွင့်ပွဲအပြီးတွင် တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့သည် သင်တန်းသူများ၏ အိပ်ဆောင်၊ စားသောက်ဆောင်နှင့် စာသင်ဆောင်များကို လှည့်လည်ကြည့်ရှု၍ လိုအပ်သည်များကို မှာကြားသည်။ အဆိုပါ သင်တန်းတွင် သင်တန်းသူ ၁၄ ဦး တက်ရောက်လျက်ရှိပြီး သင်တန်းကာလမှာ ခြောက်လကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။ (၁၅၅)



ပေါက်တောမြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသာအေးနှင့် အငယ်တန်းအင်ဂျင်နီယာ(၂) ဦးငြိမ်းသန့်တို့ စက်တင်ဘာ ၂၂ရက်က ပေါက်တောမြို့ အောင်မြေသုခလမ်း ကတ္တရာထပ်ပိုးလွှာတင်ခြင်းလုပ်ငန်းအတွက် ကျောက်များ စုဆောင်းထားရှိမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၂-၁၀-၂၀၁၀ (အင်္ဂါနေ့)

**နံနက်ပိုင်း**

- ၅း၀၀ MRTV-4 အဖွင့် Logo၊ ပဌာန်းပါဠိတော်+မေတ္တာသုတ်
- ၅း၂၀ MRTV-4 သတင်း
- ၅း၅၀ ဝိပဿနာရှုစရာနည်း(၃)ဖြာနှင့် ဘဏ်(၅)ဘဏ် တရားတော် (ပြည်တွင်းပြည်ပသာသနာပြု အောင်ဆန်းဆရာတော် ဘဒ္ဒန္တသဒ္ဓမ္မကိတ္တိသာရ)
- ၆း၅၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **လောကဝက်ပါ** (အပိုင်း-၄၁)
- ၇း၃၀ MRTV-4 သတင်း
- ၈း၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အရိပ်စစ်** (အပိုင်း-၈)
- ၈း၄၀ Phyu Phyu Kyaw Thein Solo Concert (Part-2)
- ၉း၂၅ ကြည်နူးစွာပ ကာလဝါဆို… ဆွမ်းကြီးလောင်းတဲ့မြို့ရွှေဘို
- ၉း၄၀ Cartoon Show Time (Sunshine Barry and the Disco Woms)
- ၁၀း၁၅ Activities in the City
  - မြန်မာနိုင်ငံသွားဘက်ဆိုင်ရာ ဆရာဝန်များအသင်း (ရန်ကုန်)၏ ဆေးကုသပွဲ အခမ်းအနား
  - Asia General Electric ကုမ္ပဏီ၏ ISO လက်မှတ် လွှဲပြောင်းခြင်း
- ၁၀း၅၀ Celebrity Style (Nကိုင်ရာ)
- ၁၁း၁၅ ကြိုတင်ကာကွယ်ပါ သွေးလွန်တုပ်ကွေးရောဂါ [ဒေါက်တာအေးကျော် (ဇီဝကမ္မဗေဒ)]
- ၁၁း၄၀ MRTV-4 ကာတွန်းအစီအစဉ် **ဒဏ္ဍာရီထဲကစား** (အပိုင်း-၂)
- ၁၂း၁၀ သင်ကြားရေးလမ်းညွှန် (M.C.T.S Myanmar Computer Training School)
- ၁၂း၂၅ သာသနာရောင်ဝါထွန်းလင်းဖြာ… မြတ်သောအလှူတော်မင်္ဂလာ
- ၁၂း၄၀ **လောကရဲ့အလှရတနာ** ရဲအောင်၊ သူထူးစံ၊ မေသဉ္ဇာဦး၊ ပွင့်နဒီမောင်၊ ချစ်စနိုးဦး၊ မေကဗျာ
- ၁း၀၀ ဝိပဿနာရှုစရာနည်း(၃)ဖြာနှင့် ဘဏ်(၅)ဘဏ် တရားတော် (ပြည်တွင်းပြည်ပသာသနာပြု အောင်ဆန်းဆရာတော် ဘဒ္ဒန္တသဒ္ဓမ္မကိတ္တိသာရ)
- ၂း၀၀ MRTV-4 သတင်း
- ၂း၂၀ ထာဝရရှင်သန်တောက်ပဆဲ အနုပညာကြယ်ကြွေပွင့်များ (ဟာသသရုပ်ဆောင် ဦးဂျော်လီဆွေသို့ အမှတ်တရ မှတ်တမ်း) (အပိုင်း-၂)
- ၂း၅၅ ကြည်နူးစွာပ ကာလဝါဆို… ဆွမ်းကြီးလောင်းတဲ့မြို့ရွှေဘို
- ၃း၁၀ သာသနာရောင်ဝါ ထွန်းလင်းဖြာ… မြတ်သောအလှူတော်မင်္ဂလာ
- ၃း၂၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **လောကဝက်ပါ** (အပိုင်း-၄၁)
- ၄း၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အရိပ်စစ်** (အပိုင်း-၈)
- ၄း၄၅ Activities in the City မြန်မာနိုင်ငံသွားဘက်ဆိုင်ရာ ဆရာဝန်များအသင်း( ရန် ကုန် )၏ ဆေးကုသပွဲအခမ်းအနား
- ၅း၀၀ The Champion of Dance
- ၅း၃၀ MRTV-4 ကာတွန်းအစီအစဉ် **ဒဏ္ဍာရီထဲကစား** (အပိုင်း-၂)
- ၆း၀၀ MRTV-4 သတင်း
- ၆း၂၀ နာမည်ဆိုးနှင့်ကျော်ကြားသော… (ပထမပိုင်း)
- ၆း၃၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **လောကဝက်ပါ** (အပိုင်း-၄၂)
- ၇း၀၅ Phyu Phyu Kyaw Thein Solo Concert (Part-3)
- ၈း၀၀ MRTV-4 သတင်း နိုင်ငံရေးပါတီများ၏ ဟောပြောချက်အစီအစဉ်
- ၈း၃၀ သူတို့ဘဝသူတို့ဟာသ (ဦးစိန်ပန်း)
- ၈း၅၅ သီချင်းကောင်းကောင်း သီချင်းတောင်း
- ၉း၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အရိပ်စစ်** (အပိုင်း-၉)
- ၁၀း၁၀ Celebrity Choice (Bambino)
- ၁၀း၄၀ International Show Biz
- ၁၀း၅၅ Activities in the City (Asia General Electric ကုမ္ပဏီ၏ ISO လက်မှတ်လွှဲပြောင်းခြင်း)
- ၁၁း၁၀ အနုပညာမိုးကောင်းကင်
- ၁၁း၃၅ စွဲမက်ဖွယ်ရာရွှေတောင် ဒေသထွက် အစားအစာ
- ၁၁း၄၀ စာအုပ်ပြခန်း (သားသားမီးမီးတို့ဖြစ်တတ်သော ရောဂါများစာအုပ်ရေးသားသူ ဒေါက်တာခင်မျိုးဟန်နှင့် တွေ့ဆုံမေးမြန်းခြင်း)
- ၁၂း၀၅ Say it in English
- ၁၂း၁၅ မြန်မာတို့၏စွဲမက်ဖွယ်ရာ ထိုးမုန့်လမုန့်အရသာ
- ၁၂း၂၅ ထာဝရရှင်သန်တောက်ပဆဲ အနုပညာကြယ်ကြွေပွင့်များ (ဟာသသရုပ်ဆောင် ဦးဂျော်လီဆွေသို့ အမှတ်တရ မှတ်တမ်း) (အပိုင်း-၂)
- ၁း၀၀ အဆင့်မီရော်ဘာဖူးဆက်ပျိုးပင် ရရှိရေး
- ၁း၁၀ World of Knowledge Seconds From Disaster; Fire on the Ski Slope
- ၂း၁၀ ပေါ့ပေါ့ပါးပါး ဂေါက်သီးအားကစား (အခြေခံ) (အပြည့်လွှဲခြင်း၊ သဲကျင်းဘန်ကာရိုက်ချက်)
- ၂း၀၅ ဆန်းသစ်တီထွင်ဒီဇိုင်းဖက်ရှင် (ဒီဇိုင်နာမေမြတ်ဝါဆို)
- ၂း၃၀ Box Office Movies (Jumper)
- ၂း၅၀ အလှဆင်စရာပရိဘောဂကမ္ဘာ (Three Red Star)
- ၃း၀၀ ကဏ္ဍစုံလင်အားကစားအစီအစဉ်
- ၄း၀၀ တိရစ္ဆာန်လေးတွေမွေးကြမယ် (Dog City)
- ၄း၂၀ ဗုဒ္ဓဝင်အမေးအဖြေ (အပိုင်း-၃) အထက(၁) ဒဂုံကျောင်းသား ကျောင်းသူများ

**MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တို့တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ တောင်ကြီးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။**

2012 UEFA European Football Championship Qualifier

| နံနက်ပိုင်း | ပွဲစဉ် | ပြသမည့်လိုင်း |
|---|---|---|
| ၁း၂၅ | England-Montenegro | STAR SPORTS (Live) |



* ကျောဖုံးမှ

## ကြိုဆိုနှုတ်ဆက်

ဧည့်သည်တော် ထိုင်းနိုင်ငံ ဝန်ကြီးချုပ်သည် ဂုဏ်ပြုကြိုဆိုပွဲ အခမ်းအနားသို့ တက်ရောက်ရန် နေပြည်တော်လေဆိပ်မှ ဇေယျာသီရိ ဗိမာန်သို့ မော်တော်ယာဉ်ဖြင့် ရောက်ရှိလာရာ ဇေယျာသီရိဗိမာန်ရှေ့၌ နိုင်ငံတော် ဝန်ကြီးချုပ် ဦးသိန်းစိန်က ရင်းနှီးခင်မင်စွာ ကြိုဆိုနှုတ်ဆက်သည်။

ထို့နောက် ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော် ဝန်ကြီးချုပ် ဦးသိန်းစိန်နှင့် ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာ အဘီဆစ် ဝဲ့ချာချီဝတို့သည် ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူရန် အလေးပြုခံစင်မြင့်သို့ သွားရောက်ကြပြီး ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူကြသည်။

## အလေးပြုခြင်း ခံယူ

**နိုင်ငံတော် ဝန်ကြီးချုပ် ဦးသိန်းစိန်နှင့် ထိုင်းနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ အဘီဆစ် ဝဲ့ချာချီဝတို့ ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူကြစဉ်။** (သတင်းစဉ်)

## ဂုဏ်ပြုတီးမှုတ်

ထိုအချိန်တွင် နိုင်ငံတော် တီးဝိုင်းက ထိုင်းနိုင်ငံနှင့် ပြည်ထောင်စု မြန်မာနိုင်ငံတော်တို့၏ နိုင်ငံတော် သီချင်းများကို ဂုဏ်ပြုတီးမှုတ်သည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်နှင့် ထိုင်းနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ အဘီဆစ် ဝဲ့ချာချီဝတို့သည် ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်အား ထိုင်းနိုင်ငံ ဝန်ကြီးချုပ်က ထိုင်းနိုင်ငံမှ ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များနှင့် မိတ်ဆက်ပေးသည်။

## ပြန်လည်မိတ်ဆက်

ဆက်လက်၍ နိုင်ငံတော် ဝန်ကြီးချုပ် ဦးသိန်းစိန်ကလည်း ၄င်းနှင့်အတူ ကြိုဆိုနှုတ်ဆက်ကြသည့် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဦးမောင်ဦး၊ အမျိုးသား စီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန ဝန်ကြီးဦးစိုးသာ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဝန်ကြီး ဦးတင်နိုင်သိန်း၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန ဝန်ကြီး ဦးစိုးနိုင်၊ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယ ဝန်ကြီး ဦးအေးမြင့်၊ ကျန်းမာရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ မြဦး၊ စွမ်းအင်ဝန်ကြီးဌာန ဒုတိယ ဝန်ကြီး ဦးသန်းဌေး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မြင့်နှင့် ဟိုတယ်နှင့်ခရီးသွားလာရေး လုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးမြင့်ကြူတို့နှင့် ပြန်လည်မိတ်ဆက်ပေးသည်။

**(သတင်းစဉ်)**

❍ ရှေ့ဖုံးမှ

ဒုတိယဗိုလ်ချုပ်ကြီး မင်းအောင်လှိုင်၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ နိုင်ငံခြားရေး ဝန်ကြီးဌာန ဝန်ကြီးဦးဉာဏ်ဝင်း၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးမြင့်ကြူနှင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြပြီး ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာ အဘီဆစ် ဝဲ့ချာချီဝ ဦးဆောင်သော ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့နှင့် အတူ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ထိုင်းနိုင်ငံ သံအမတ်ကြီး H.E.Mr.Apirath Vienravi နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ယင်းသို့တွေ့ဆုံရာတွင် နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။ **(သတင်းစဉ်)**



# ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာအဘီဆစ် ဝဲ့ချာချီဝ ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ ရန်ကုန်မြို့မှ ပြန်လည်ထွက်ခွာ

ရန်ကုန် အောက်တိုဘာ ၁၁

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်၏ ဖိတ်ကြားချက်အရ ချစ်ကြည်ရေးခရီးလည်ပတ်ရန် နေပြည်တော်သို့ ရောက်ရှိနေသည့် ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာ အဘီဆစ် ဝဲ့ချာချီဝ ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးမြင့်ကြူ၊ နိုင်ငံခြားရေး ဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ထိုင်းနိုင်ငံ သံအမတ်ကြီး **H.E.Mr. Apirath Vienravi** တို့ လိုက်ပါလျက် ယနေ့ ညနေ ၅နာရီ ၅မိနစ်တွင် နေပြည်တော်မှတစ်ဆင့် ရန်ကုန်မြို့သို့ အထူးလေယာဉ်ဖြင့် ရောက်ရှိလာရာ ရန်ကုန်တိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ထွန်းသန်း၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဦးအောင်သိန်းလင်းနှင့် တာဝန်ရှိသူများ၊ ရန်ကုန်မြို့ရှိ ထိုင်းနိုင်ငံသံရုံးမှ တာဝန်ရှိသူများနှင့် သံရုံးမိသားစုများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

## တွေ့ဆုံ

ထိုင်းနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ အဘီဆစ် ဝဲ့ချာချီဝသည် ညနေ ၅နာရီခွဲတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် ပြည်လမ်းရှိ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ထိုင်းနိုင်ငံသံရုံးသို့သွားရောက်၍ သံအမတ်ကြီး H.E.Mr.Apirath Vienravi နှင့် သံရုံးဝန်ထမ်းများ၊ စစ်သံမှူးများနှင့် စစ်သံရုံးဝန်ထမ်းများ၊ မိသားစုများအား တွေ့ဆုံသည်။

## လက်မှတ်ရေးထိုး

ထို့နောက် ထိုင်းနိုင်ငံဝန်ကြီးချုပ်နှင့် အဖွဲ့သည် ညပိုင်းတွင် ရွှေတိဂုံစေတီတော် မြတ်ကြီးအား သွားရောက်ဖူးမြော် ကြည်ညို၍ စေတီတော်မြတ်ကြီးအား ပန်း၊ ရေချမ်း၊ ဆီမီး၊ အမွှေးနံ့သာတိုင်များ ဆက်ကပ်လှူဒါန်းပြီး ဧည့်သည်တော် မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးသည်။

## ပြန်လည်ပေးအပ်

ဆက်လက်၍ ထိုင်းနိုင်ငံဝန်ကြီးချုပ်သည် ရွှေတိဂုံစေတီတော်မြတ်ကြီးအတွက် အလှူငွေများ ပေးအပ်လှူဒါန်းရာ စေတီတော်ဂေါပကအဖွဲ့က လက်ခံပြီး ရွှေတိဂုံ စေတီတော်ပုံတူ ကျောက်စီပန်းချီကားချပ်ကို ဓမ္မလက်ဆောင်အဖြစ် ပြန်လည်ပေးအပ်သည်။

## ပို့ဆောင်နှုတ်ဆက်

ယင်းနောက် ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာ အဘီဆစ် ဝဲ့ချာချီဝ ဦးဆောင်သော ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များသည် ညပိုင်းတွင် ရန်ကုန်မြို့မှ အထူးလေယာဉ်ဖြင့် ပြန်လည် ထွက်ခွာကြရာ တိုင်းမှူး၊ မြို့တော်ဝန်နှင့် ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ထိုင်းနိုင်ငံ သံရုံးမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။ **(သတင်းစဉ်)**

ထိုင်းနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ အဘီဆစ် ဝဲ့ချာချီဝအား တိုင်းမှူး ဗိုလ်မှူးချုပ် ထွန်းသန်းနှင့် ရန်ကုန်မြို့တော်ဝန် ဦးအောင်သိန်းလင်းတို့ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ပို့ဆောင် နှုတ်ဆက်ကြစဉ်။ (သတင်းစဉ်)



## မှတ်သားဖွယ်ရာမိုးရေချိန်

၁၁-၁၀-၂၀၁၀

ပေါင်မြို့
၃ဒသမ ၇၄လက်မ
မိုးကုတ်မြို့
၃ဒသမ ၀၃လက်မ
သထုံမြို့
၂ဒသမ ၇၂လက်မ
ရန်ကုန် (မြို့လယ်)
၂ဒသမ ၅၅လက်မ
ဘီးလင်းမြို့
၂ဒသမ ၄၀လက်မ

## အစည်းအဝေးကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၁၁**

ထိုင်းနိုင်ငံ အခြေစိုက် Agricultural Food & Marketing Association for Asia and the Pacific (AFMA)၏ (၁၅)ကြိမ်မြောက် အထွေထွေညီလာခံနှင့် အကြိမ်(၃၀)မြောက် အလုပ်အမှုဆောင်အဖွဲ့ အစည်းအဝေးတို့ကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံ၍ အောက်တိုဘာ ၁၃ရက်တွင် ရန်ကုန်မြို့ရှိ ကုန်သည် /စက်မှုအသင်းချုပ်၌ ကျင်းပမည်ဖြစ်ပြီး Asia Agro-Marketing Forum ကို အောက်တိုဘာ ၁၄ရက်နှင့် ၁၅ရက်တို့တွင် ကျင်းပရန် စီစဉ်ထားရာ အဆိုပါ ဖိုရမ်သို့ တက်ရောက်ရန် စိတ်ပါဝင်စားသူများသည် ဖုန်း-၂၁၄၃၄၄ နှင့် ၂၁၄၃၄၉ တို့သို့ ဆက်သွယ်စုံစမ်း မေးမြန်းနိုင်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# စည်းလုံးညီညွတ်ရေးနှင့် ဒီမိုကရေစီပါတီ ကချင်ပြည်နယ် (စဒက)က ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော် အောက်တိုဘာ ၁၁

**စည်းလုံးညီညွတ်ရေးနှင့် ဒီမိုကရေစီပါတီ ကချင်ပြည်နယ် (စဒက) ဗဟိုအလုပ်အမှုဆောင်ကော်မတီ တွဲဖက်အတွင်းရေးမှူး ဒေါ်ဒွဲဘူက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို အောက်တိုဘာ(၁၁) ရက် ညပိုင်းတွင် ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။**

**အဆိုပါ ဟောပြောတင်ပြချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-**



**လေးစားအပ်ပါတဲ့ မိဘပြည်သူများနှင့် တိုင်းရင်းသားညီအစ်ကိုမောင်နှမများရှင့် -**

စိမ်းလန်းစိုပြည်ပြီး အေးချမ်းသာယာလှပတဲ့ ကချင်ပြည်နယ်မှာ ကချင်မျိုးနွယ်စုများ၊ ရှမ်းမျိုးနွယ်စုများ၊ ဗမာမျိုးနွယ်စုများနှင့် အခြားတိုင်းရင်းသားများ အေးအတူပူအမျှ စုပေါင်းနေထိုင်ကြတဲ့ ပြည်ထောင်စုထဲမှ ပြည်နယ်တစ်ခု ဖြစ်ပါတယ်။

ကချင်ပြည်နယ်မှာ မှီတင်းနေထိုင်ကြတဲ့ တိုင်းရင်းသားလူမျိုးများအားလုံးသည် နိုင်ငံတော်ရဲ့ အစိတ်အပိုင်းတစ်ခုဖြစ်သည်နှင့်အညီ ကချင်ပြည်နယ် ငြိမ်းချမ်းတည်ငြိမ်ဖွံ့ဖြိုးတိုးတက်ရေး၊ လူ့အခွင့်အရေးနှင့် ဒီမိုကရေစီထွန်းကားရေးတို့အတွက် အတူတကွ ချစ်ကြည်စွာ ပူးပေါင်းလက်တွဲတည်ဆောက်သွားကြပါရမယ်။ အရင်းချာဆုံးသော သွေးချင်းများဖြစ်ပါတယ်။ သို့ဖြစ်၍ စည်းလုံးညီညွတ်ရေးနှင့် ဒီမိုကရေစီပါတီ ကချင်ပြည်နယ်တွင် ပြည်နယ်အတွင်းရှိ မြို့မိမြို့ဖများဦးဆောင်ပါဝင်ပြီး ၂၀၁၀ ခုနှစ် ဇူလိုင်လ (၂)ရက်နေ့မှာ ဖွဲ့စည်းခဲ့ပါတယ်။ ဒီပါတီသည် ကချင်ပြည်နယ်ရဲ့ ပြည်နယ်ကိုယ်စားပြုပါတီ ဖြစ်ပါတယ်ရှင့်။

စည်းလုံးညီညွတ်ရေးနှင့် ဒီမိုကရေစီပါတီ ကချင်ပြည်နယ်၏အလံမှာ အလျား ၆ ပေ၊ အနံ ၅ ပေရှိပြီး အစိမ်းရောင်အောက်ခံတွင် ငါးထောင့်ကြယ်ဖြူ (၃)လုံး ပါရှိပါတယ်။

ပါတီရဲ့တံဆိပ်မှာ အချင်းတစ်လက်မစက်ဝိုင်းတွင် အဝါရောင်စပါးနှံနှစ်ဖက်ဝန်းရံထားပြီး အလယ်၌ ကချင်မနောတိုင်ကို ဖော်ပြထားရှိပါတယ်ရှင့်။

စည်းလုံးညီညွတ်ရေးနှင့် ဒီမိုကရေစီပါတီ ကချင်ပြည်နယ်၏ အဓိကရည်ရွယ်ချက်မှာ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတည်းဟူသော မွန်မြတ်မှန်ကန်လှသည့် ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထားကာ ကချင်ပြည်နယ်ကြီး ထာဝရငြိမ်းချမ်းတည်ငြိမ်မှုရရှိပြီး ပြည်နယ်တစ်ခုလုံး တစ်ပြေးညီဖွံ့ဖြိုးတိုးတက်လာစေရန် ဖြစ်ပါတယ်။

ပါတီ၏ ကြီးမားသောရည်မှန်းချက်မှာ ကချင်ပြည်နယ်သူ/သားများရဲ့ လိုအင်ဆန္ဒနှင့် ထပ်တူထပ်မျှဖြစ်တဲ့ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်ရေးနှင့် အခွန့်ရှည် တည်တံ့ခိုင်မြဲရေးပင်ဖြစ်ပါတယ်။ ထို့အတူ ပြည်နယ်သူ/သားများ၏ အခြေခံ လူ့အခွင့်အရေးနှင့် ဒီမိုကရေစီကျင့်စဉ်ပါ အခွင့်အရေးများအပြည့်အဝ ခံစားရရှိနိုင်ရေးတို့ ဖြစ်ပါတယ်။

ပါတီ၏ မူဝါဒနှင့်သဘောထားများကို တင်ပြရမယ်ဆိုပါက ဤပါတီအနေဖြင့် ကချင်ပြည်နယ်သူ/သားများ အမှန်တကယ် အကျိုးပြုတဲ့ လုပ်ငန်းစဉ်များကို ဖော်ဆောင်နိုင်မည်ဟု အလေးအနက်ယုံကြည်ပါတယ်။ ကချင်ပြည်နယ်၏ အကျိုးစီးပွားနှင့် မိမိပါတီ၏အကျိုးစီးပွားယှဉ်လာလျှင် ကချင်ပြည်နယ်၏ အကျိုးစီးပွားကို ဦးစားပေးပါမယ်။ ကချင်ပြည်နယ်သူ/သားတို့၏သစ္စာကို ထာဝစဉ် စောင့်သိရိုသေပါမယ်။ မိမိတို့ယုံကြည်ရာ ဘာသာအား လွတ်လပ်စွာကိုးကွယ်ခွင့်ကိုအားပေးပြီး ဘာသာရေးကို နိုင်ငံရေးအတွက် အလွဲသုံးစားပြုလုပ်ခြင်းမှ ရှောင်ကြဉ်သွားပါမယ်။ လူမျိုးရေး၊ ဘာသာရေးပဋိပက္ခဖြစ်ပေါ်စေနိုင်သော ရေးသားမှု၊ ဟောပြောမှု၊ စည်းရုံးမှုများပြုလုပ်ခြင်းမှ ရှောင်ကြဉ်သွားပါမယ်။ တိုင်းရင်းသားလူမျိုးအသီးသီးတို့၏ စာပေ၊ ရိုးရာဓလေ့၊ ယဉ်ကျေးမှု၊ အနုပညာအစဉ်အလာကောင်းများကို ထိန်းသိမ်းအားပေးသွားမယ့်အပြင် တိုင်းရင်းသားလူမျိုးအချင်းချင်း စည်းလုံးညီညွတ်ရေး၊ အပြန်အလှန် ချစ်ကြည်လေးစားရေး၊ ရိုင်းပင်းကူညီရေးတို့ တိုးတက်ဖြစ်ထွန်းလာစေရေးတို့မှာ ဤပါတီရဲ့သဘောထားများပဲ ဖြစ်ပါတယ်ရှင့်။

ရှေ့ဆက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ဆက်လက်တင်ပြရမည်ဆိုပါက ဖွဲ့စည်းပုံအခြေခံဥပဒေပါ နိုင်ငံသားများ၏ မူလအခွင့်အရေးများနှင့် တာဝန်များကို ကချင်ပြည်နယ်သူ/သားများအားလုံး သိရှိနားလည် သဘောပေါက်စေရန် ရှင်းလင်းပြောကြားသွားပါမယ်။ သို့မှသာ ပြည်နယ်အတွင်းရှိ လူထုအနေဖြင့် ဥပဒေပါ အခွင့်အရေးများကို သိရှိခံစားရသည်နှင့်အညီ မိမိတို့၏ တာဝန်ကိုလည်း သိရှိပြီး နိုင်ငံတော်အပေါ် သစ္စာစောင့်သိသူများ ဖြစ်လာနိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားပါမယ်။

ကချင်ပြည်နယ်အတွင်း လမ်းပန်းဆက်သွယ်မှု အဆင်ပြေချောမွေ့စေရန် ဦးစားပေး လုပ်ကိုင်သွားမှာ ဖြစ်ပါတယ်။ အခြားပြည်နယ်များ၊ တိုင်းဒေသကြီးများသို့ ကားလမ်း၊ ရထားလမ်း၊ ရေလမ်း၊ လေယာဉ်ခရီးစသည်တို့ဖြင့် လွယ်ကူစွာ သွားလာနိုင်ရန် ဆောင်ရွက်သွားပါမယ်။

ကျန်းမာခြင်းသည် လူသားအားလုံးအတွက် အရေးအကြီးဆုံးသော လိုအပ်ချက်တစ်ခု ဖြစ်ပါတယ်။ သို့ဖြစ်၍ ကချင်ပြည်နယ်သူ/သားများအားလုံး ကျန်းမာသက်ရှည်စွာ နေထိုင်နိုင်ရေးအတွက် လိုအပ်သော ကျန်းမာရေး အသိပညာ၊ ဗဟုသုတများ ရရှိနိုင်ရေး၊ သန့်ရှင်းလတ်ဆတ်ပြီး ကျန်းမာရေးနှင့် ညီညွတ်သော အစားအစာ အာဟာရမျိုးစုံ ရရှိစားသုံးနိုင်ရေး၊ ပြည်နယ်အတွင်း နေရာဒေသမရွေး ကျန်းမာရေးစောင့်ရှောက်မှု အလွယ်တကူရရှိနိုင်ရေး၊ ရောဂါဖြစ်ပွားမှုများမှ ကာကွယ်နိုင်ရန် ကြိုတင်ပြင်ဆင်ရေး၊ ဆေးဝါးကုသရန် လိုအပ်လာသူများကို အချိန်မီကုသနိုင်ရေးနှင့် အဆင့်မြင့်ဆေးဝါးနည်းပညာများဖြင့် ကုသနိုင်ရေးတို့အတွက် ကူညီဆောင်ရွက်သွားပါမယ်။

ပညာရေးကဏ္ဍတွင် ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းတက်နိုင်ရေး၊ မူလတန်းပညာကို အခမဲ့သင်ယူနိုင်ရေး၊ ကျောင်းသူ၊ ကျောင်းသားများကို ဘက်စုံ ထူးချွန်ထက်မြက်လာစေရေး၊ ထက်မြက်ထူးချွန်ပြီး ပညာဆက်လက်သင်ကြားရန် အခက်အခဲရှိသူများကို ပညာဆုံးခန်းတိုင် သင်ကြားနိုင်ခွင့်ရရှိစေရန် ကူညီဆောင်ရွက်ပါမယ်။ ထို့ပြင် သင်ကြားတတ်မြောက်ထားသည့် ပညာများကို လက်တွေ့ဘဝတွင် အသုံးချပြီး အသက်မွေးဝမ်းကျောင်းပြုနိုင်ရေး၊ အဆင့်မြင့် နည်းပညာများ၊ ခေတ်မီအတတ်ပညာများကို ဆက်လက်ဆည်းပူးနိုင်ရေးတို့ကိုလည်း ပံ့ပိုးကူညီပါမယ်။ ကျောင်းသားလူငယ်များ ထူးချွန်ထက်မြက်ရေးသည် ဆရာတို့၏ အရည်အချင်းပေါ်မူတည်နေသဖြင့် လက်ဦးဆရာတို့၏ စားဝတ်နေရေး အဆင်ပြေချောမွေ့စေရန်နှင့် အရည်အချင်းပြည့်ဝသည့် ဆရာကောင်းများ ဖြစ်လာစေရေးတို့၌လည်း အားပေးကူညီသွားပါမယ်ရှင့်။

**မိဘပြည်သူများနှင့် တိုင်းရင်းသားညီအစ်ကိုမောင်နှမများရှင့် -**

ကချင်ပြည်နယ်၏ စီးပွားရေးတွင် လယ်ယာကုန်ထုတ်လုပ်မှုသည် ကြီးမားသော ဦးဆောင်မှုကဏ္ဍတွင် ပါဝင်နေတဲ့အတွက် တောင်သူလယ်သမားများ၏ အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်သည့် ဥပဒေများ ခေတ်နှင့်အညီ ပြဋ္ဌာန်းနိုင်ရေးကို ကူညီဆောင်ရွက်သွားပါမယ်။ စိုက်ပျိုးထုတ်လုပ်သည့် ကောက်ပဲသီးနှံများ သင့်တင့်မျှတသည့် အကျိုးအမြတ်များ ရရှိစေရန်နှင့် ကုန်သွယ်စီးပွားရေး လွတ်လပ်ခွင့်များ၊ ခေတ်မီတိုးတက်သော စိုက်ပျိုးရေးနည်းပညာများ ရရှိရေးတို့အတွက် ကူညီဆောင်ရွက်သွားပါမယ်။ ကချင်ပြည်နယ်တွင် ရေ၊ မြေ ရာသီဥတုအနေအထားအရ သဘာဝနည်းဖြင့် စိုက်ပျိုးသော ကောက်ပဲသီးနှံ၊ သစ်သီးဝလံ၊ ဟင်းသီးဟင်းရွက်များ စုံလင်လျက်ရှိရာ ထိုစိုက်ပျိုးမှုစနစ်ကို အထူး အားပေးကူညီပံ့ပိုးပြီး သဘာဝအတိုင်း စိုက်ပျိုးသည့် Organic ထုတ်ကုန်များကို သီးသန့်ဖြန့်ဖြူးပေးနိုင်သည့် Green Market များ ထူထောင်ပေးခြင်းဖြင့် တောင်သူလယ်သမားများ၏ အခွင့်အရေးများ ပိုမိုမြင့်မားလာစေရေး ကူညီပံ့ပိုး ဆောင်ရွက်သွားပါမယ်။

အလုပ်သမားများနှင့်ပတ်သက်၍ ကချင်ပြည်နယ်အတွင်း အလုပ်ရုံ၊ စက်ရုံများ ပေါ်လာပြီး အလုပ်လက်မဲ့များ အလုပ်အကိုင်ရရှိရေး၊ ထိုက်တန်သော လုပ်အားခရရှိရေး၊ လုပ်ငန်းခွင် ဘေးအန္တရာယ် ကင်းရှင်းရေးတို့ကို ဆောင်ရွက်သွားပါမယ်။ ကချင်ပြည်နယ်အတွင်းရှိ ဌာနဆိုင်ရာဝန်ထမ်းများ ရွေးချယ်ခန့်ထားရာတွင် အရည်အချင်းချင်းတူညီပါက မိမိပြည်နယ်သူ/သား များကို ရွေးချယ်ခန့်ထားပေးနိုင်ရေး၊ လက်ရှိတာဝန်ထမ်းဆောင်ဆဲဖြစ်သည့် ဌာနဆိုင်ရာဝန်ထမ်းများ၊ ဌာနဆိုင်ရာအကြီးအကဲများသည် ကချင်ပြည်နယ် သူ/သားများဖြစ်ပါက မိမိ ပြည်နယ်တွင် တာဝန်ထမ်းဆောင်ခွင့်ရရှိနိုင်ရေးတို့ကို ကူညီဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

တိုင်းရင်းသားတို့၏ စာပေ၊ စကား၊ ရိုးရာဓလေ့၊ အဝတ်အထည်ဒီဇိုင်းများနှင့် ယဉ်ကျေးမှု အနုပညာများ တိမ်ကောပပျောက်ခြင်းမရှိစေရန် ထိန်းသိမ်းစောင့်ရှောက်သွားပါမယ်။ တိုင်းရင်းသားအနုပညာရှင်များ၏ အနုပညာလုပ်ငန်းများကို အားပေးမြှင့်တင်သွားပါမယ်။

ပြည်နယ်အတွင်းရှိ လူငယ်များအား မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး၊ တိုင်းတစ်ပါးကို အထင်ကြီးမှုများ လျော့နည်းပပျောက်ပြီး မိမိပြည်နယ်၊ မိမိတိုင်းပြည်၊ မိမိလူမျိုးကိုအလုပ်အကျွေးပြုသူများဖြစ်ပေါ်လာရေး ကြိုးပမ်းသွားပါမယ်။ အထူးသဖြင့် လူငယ်ထုအတွင်း မူးယစ်ဆေးဝါးအန္တရာယ်ကျရောက်နေမှုကို လျော့နည်းပပျောက်သွားစေမည့် နည်းလမ်းများကို လူထုတစ်ရပ်လုံးနှင့် ပူးပေါင်းရှာဖွေပြီး အလေးထား ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်ရှင့်။

ကချင်ပြည်နယ်သည် မြေပေါ်မြေအောက် သယံဇာတပေါကြွယ်ဝသည့် ပြည်နယ်တစ်ခုဖြစ်၍ အဖိုးတန်သယံဇာတများကို ဥပဒေမဲ့ထုတ်ယူသုံးစွဲခြင်း မရှိစေရန် ကာကွယ်သွားပါမယ်။ ပြည်နယ်အတွင်းရှိ မြစ်၊ ချောင်း၊ အင်း၊ အိုင်များရှိ ရေနေသတ္တဝါများ၊ တောတောင်များရှိ သားရဲတိရစ္ဆာန်၊ ငှက်မျိုးစုံ၊ ရှားပါးလိပ်ပြာများ၊ အဖိုးတန်သစ်ပင်များနှင့် သစ်ခွပန်းများ မျိုးသုဉ်းပျောက်ကွယ်သွားခြင်းမရှိစေရန် ကာကွယ်သွားပါမယ်။

ကချင်ပြည်နယ်အတွင်း လူကုန်ကူးမှုဖြင့် စီးပွားရှာနေသူများနှင့် လူပွဲစားများအား ဖော်ထုတ်ပြီး ဥပဒေနှင့်အညီ ထိရောက်ဟန့်တားသည့် ပြစ်ဒဏ်များ ချမှတ်နိုင်ရေးတို့တွင် ကူညီဆောင်ရွက်သွားပါမယ်။ ကချင်ပြည်နယ်အတွင်းရှိ အမျိုးသမီးထုများအား ဘက်စုံဖွံ့ဖြိုးတိုးတက်စေရေးအတွက် အားပေးကူညီပါမယ်။ ကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုများကို ပြုစုစောင့်ရှောက်ရေးကိုလည်း အလေးထား ဆောင်ရွက်သွားပါမယ်။

**လေးစားအပ်ပါသော မိဘပြည်သူလူထုကြီးနှင့် တိုင်းရင်းသားညီအစ်ကိုမောင်နှမများရှင့် -**

ယခုတင်ပြခဲ့သော ပါတီ၏ရှေ့ဆက်လက်လုပ်ဆောင်မည့်လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ အပြောသာမဟုတ် အလုပ်ဖြင့် အမှန်တကယ် သက်သေပြနိုင်ရန် စွမ်းစွမ်းတမံကြိုးစားပါမယ်လို့ ကတိပြုပါတယ်။ စည်းလုံးခြင်းသည် အင်အား၊ တစ်ဦးဆောင် သော်မရ၊ တစ်သောင်းဆောင်သော်ရ၏ ဆိုသည့် ဆောင်ပုဒ်များအတိုင်း ကချင်ပြည်နယ်သူ/သားများအားလုံး စည်းလုံးညီညွတ်ရေးနှင့် ဒီမိုကရေစီပါတီ ကချင်ပြည်နယ်နှင့် လက်တွဲ၍ ကြီးမားသောအင်အားဖြင့် ကချင်ပြည်နယ် ထာဝရငြိမ်းချမ်းပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော ပြည်နယ်တစ်ခုဖြစ်ပေါ်လာရေးအတွက် ဝိုင်းဝန်းကြိုးပမ်းကြပါစို့လို့ ဖိတ်ခေါ်ရင်း နိဂုံးချုပ်အပ်ပါတယ်ရှင့်။

## မြဝတီရုပ်မြင်သံကြား

**၁၂-၁၀-၂၀၁၀ (အင်္ဂါနေ့)**

**နံနက်ပိုင်း**

- ၇း၀၀ ၁။ မြဝတီအဖွင့်
- ၇း၀၅ ၂။ တရားတော်
- ၇း၁၅ ၃။ ဓမ္မပူဇာတေး
- ၇း၂၀ ၄။ မျိုးချစ်တပ်မတော်
- ၇း၂၅ ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇း၃၀ ၆။ မြန်မာသံစဉ် ချိုနားဝင်
- ၇း၄၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇း၅၅ ၈။ အမျိုးသားရေးတေးကဗျာ
- ၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ

**ညပိုင်း**

- ၄း၀၀ ၁။ မြဝတီအဖွင့်
- ၄း၀၅ ၂။ အဖွင့်သီချင်း
- ၄း၁၀ ၃။ အမျိုးသားရေး တေးကဗျာ
- ၄း၂၀ ၄။ အလွမ်းတေးပန်းချီ ချစ်သူဆီ
- ၄း၃၅ ၅။ မြတ်နိုးကြစေ အမျိုးသားအမွေ
- ၄း၅၅ ၆။ မျိုးချစ်တပ်မတော်
- ၅း၁၀ ၇။ မြန်မာသံစဉ်ချိုနားဝင်
- ၅း၂၅ ၈။ မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
- ၅း၃၅ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၅း၄၀ ၁၀။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **မိုးသောက်ကြယ်** (အပိုင်း-၂၆)
- ၆း၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆း၁၀ ၁၂။ အမျိုးသားရေးတေးကဗျာ
- ၆း၂၀ ၁၃။ လျှပ်တစ်ပြက်
- ၆း၃၀ ၁၄။ အောင်မြင်ခြင်းလမ်းမ
- ၇း၀၀ ၁၅။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **စိမ်းရောင်ခြယ်လှည်းကလေး** (အပိုင်း-၅၈)
- ၈း၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၇။ အမျိုးသားရေးတေးကဗျာ
- ၁၈။ နိုင်ငံရေးပါတီများ ဟောပြောချက်
- ၁၉။ နိုင်ငံတကာသတင်း
- ၂၀။ မိုးလေဝသသတင်း
- ၂၁။ မွေးမြူသုတ
- ၂၂။ ဟာသရုပ်စုံ **ယတြာ** ဒွဲဒိုး၊ စိစိ၊ ချစ်စမ်းမောင်အဖွဲ့နှင့် ရွှေသွေးအဖွဲ့ (ဒါရိုက်တာ-ဖုန်းမြင့်အောင်)
- ၂၃။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
- ၂၄။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **တိမ်လွှာကြားက သိုင်းသမား** (အပိုင်း-၂၃)
- ၂၅။ **Mini Series**

# ကရင်ပြည်နယ် ဒီမိုကရေစီနှင့် ဖွံ့ဖြိုးတိုးတက်ရေးပါတီက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော် အောက်တိုဘာ ၁၁

**ကရင်ပြည်နယ်ဒီမိုကရေစီနှင့် ဖွံ့ဖြိုးတိုးတက်ရေးပါတီ ဥက္ကဋ္ဌ ဦးစောသာထူးကျော်က ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို အောက်တိုဘာ (၁၁) ရက် ညပိုင်းတွင် ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။**

**အဆိုပါ ဟောပြောတင်ပြချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-**



**လေးစားအပ်ပါသော ပြည်ထောင်စုမြန်မာနိုင်ငံတော်သူ နိုင်ငံတော်သားများနှင့် တကွ ပြည်ထောင်စုအတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားညီအစ်ကို မောင်နှမအပေါင်းတို့ခင်ဗျား-**

ကျွန်တော်ကတော့ ကရင်ပြည်နယ် ဘားအံမြို့မှာ ဌာနချုပ်ဖွင့်လှစ်ထားရှိသော ကရင်ပြည်နယ် ဒီမိုကရေစီနှင့် ဖွံ့ဖြိုးတိုးတက်ရေးပါတီ (Kayin State Democracy and Development Party-KSDDP) မှ ဥက္ကဋ္ဌ ဦးစောသာထူးကျော်ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ် အရွေးခံမှာဖြစ်ပြီး ၂၀၁၀ ရွေးကောက်ပွဲမှာ ကျွန်တော်တို့ပါတီမှ စုစုပေါင်း လွှတ်တော်ကိုယ်စားလှယ်လောင်း လေးဦး ပါဝင်ယှဉ်ပြိုင်သွားမှာဖြစ်ပါတယ်။

ကျွန်တော်တို့ပါတီရဲ့ အမည်ကတော့ ကရင်ပြည်နယ် ဒီမိုကရေစီနှင့် ဖွံ့ဖြိုးတိုးတက်ရေးပါတီ(KSDDP) ဖြစ်ပါတယ်။ ကျွန်တော်တို့ပါတီဟာ ကရင်ပြည်နယ်အတွင်း မှီတင်းနေထိုင်ကြတဲ့ တိုင်းရင်းသားပြည်သူများရဲ့ လူနေမှုဘဝ မြင့်မားတိုးတက်စေရေးနှင့် ဒီမိုကရေစီဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဒေသခံတိုင်းရင်းသားများအချင်းချင်း ပူးပေါင်းလက်တွဲပြီး ဖွဲ့စည်းထူထောင်ထားတဲ့ ပါတီဖြစ်ပါတယ်။ ကရင်ပြည်နယ်အတွင်း မှီတင်းနေထိုင်ကြသော ကရင်၊ ဗမာ၊ ပအိုဝ်း၊ မွန်၊ ရှမ်း စသော တိုင်းရင်းသားတွေပေါင်းစည်းလက်တွဲပြီး မှန်ကန်သော မူဝါဒ၊ ခိုင်မာသော သဘောထား၊ တိကျတဲ့လုပ်ငန်းစဉ်တွေနဲ့ ခိုင်မာကျစ်လျစ်စွာ ဖွဲ့စည်းထားတဲ့ ပါတီတစ်ခုလည်း ဖြစ်ပါတယ်။

ကျွန်တော်တို့ပါတီဟာ ပြည်ထောင်စုနိုင်ငံတော်ကြီး အစွန့်ရှည် တည်တံ့ခိုင်မြဲစေရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲစေရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်အဖြစ် ထာဝစဉ်ရပ်တည်နိုင်ရေးတို့ကို စွဲမြဲခံယူတဲ့အပြင် မိမိတို့ကရင်ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေး၊ ကရင်ပြည်နယ်ငြိမ်းချမ်းသာယာရေး၊ ကရင်ပြည်နယ်အတွင်းရှိ တိုင်းရင်းသားအားလုံးတို့ရဲ့ လူမှုဘဝလုံခြုံရေး၊ စားဝတ်နေရေးနှင့် လူမှုရေးလိုအပ်ချက်များ ပြည့်စုံရေး၊ လူ့အခွင့်အရေးနှင့် ဒီမိုကရေစီကျင့်စဉ်ပါအခွင့်အရေးများ ရရှိခံစားနိုင်ရေးတို့အတွက် သမိုင်းရေးပကတိလိုအပ်ချက်အရ လေးနက်တည်ကြည်တဲ့ သန္နိဋ္ဌာန်စိတ်နဲ့ ဖွဲ့စည်းခဲ့ခြင်း ဖြစ်ပါတယ်။

ကျွန်တော်တို့ပါတီအနေနဲ့ ကရင်ပြည်နယ်ဒေသခံတိုင်းရင်းသားပြည်သူများရဲ့ အဓိကလိုအင်ဆန္ဒများကို ကိုယ်စားပြုပြီး ကရင်ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေး၊ ကရင်ပြည်နယ်ငြိမ်းချမ်းသာယာရေး၊ ဒီမိုကရေစီအရေး ဆိုတဲ့ ရည်မှန်းချက်များအောင်မြင်အောင် ဒေသခံပြည်သူများနှင့်အတူ လက်တွဲပူးပေါင်းဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

ဖော်ပြပါရည်မှန်းချက်များကို အခုမှ ကျွန်တော်တို့ ချမှတ်ဖော်ဆောင်လာတာမဟုတ်ပါဘူး၊ ကရင်ပြည်နယ် ဒီမိုကရေစီနဲ့ဖွံ့ဖြိုးတိုးတက်ရေးပါတီ (KSDDP)အဖြစ် ပြောင်းလဲမဖွဲ့စည်းမီ ယခင်ကတည်းကပင် (D.K.B.O) တိုးတက်သော ဗုဒ္ဓဘာသာ ကရင်အမျိုးသားအစည်းအရုံး အဖွဲ့အစည်းအမည်နဲ့ ယခင်ရည်မှန်းချက်ချမှတ်ထားတဲ့ ပြည်နယ်အကျိုးပြုလုပ်ငန်းများ၊ တိုင်းပြည်အကျိုးပြုလုပ်ငန်းများကို ကျွန်တော်တို့အနေနှင့် အတိုင်းအတာတစ်ခုအထိ အောင်မြင်စွာဆောင်ရွက်ထားပြီး ဖြစ်ပါတယ်။

(KSDDP)ပါတီကို ထူထောင်ဖွဲ့စည်းပြီး ရွေးကောက်ပွဲဝင်ရခြင်းဟာ ကရင်ပြည်နယ်အတွင်းရှိ တိုင်းရင်းသားပြည်သူတို့ရဲ့အရေးကို ကျယ်ပြန့်စွာ ထမ်းဆောင်ပေးလိုခြင်းကြောင့် ဖြစ်ပါတယ်။ ဒါ့အပြင် အနာဂတ်နိုင်ငံတော်အရေးကိုလည်း တစ်ခန်းတစ်ကဏ္ဍကနေ ပါဝင်ပူးပေါင်းဆောင်ရွက်သွားနိုင်လိမ့်မယ်လို့ ယုံကြည်ပါတယ်။ ဒီလိုယုံကြည်တဲ့အတိုင်း ကျွန်တော်တို့ပါတီရဲ့ စစ်မှန်သောမျိုးချစ်စိတ်ဓာတ်၊ မှန်ကန်တဲ့ မူဝါဒသဘောထား၊ လက်တွေ့ကျတဲ့ လုပ်ငန်းစဉ်တွေနဲ့ ပြည်ထောင်စုကြီးအတွင်းရှိ ကျွန်တော်တို့ ကရင်ပြည်နယ်နဲ့ ဒေသခံတိုင်းရင်းသားပြည်သူများအတွက် အနာဂတ်အကျိုးစီးပွားကို အပြည့်အဝဖော်ဆောင်ပြီး ထိရောက်အောင်မြင်အောင် အကျိုးပြုနိုင်ရမယ်လို့ အလေးအနက် ယုံကြည်ပါတယ်။

ကျွန်တော်တို့ပါတီရဲ့ မူဝါဒသဘောထားများအနေနဲ့ တင်ပြလိုတာကတော့-

(က) အမျိုးသားရေးမူဝါဒအနေနဲ့ ကျွန်တော်တို့ကရင်ပြည်နယ် အပါအဝင် ပြည်ထောင်စုကြီးမပြိုကွဲရေး၊ ကျွန်တော်တို့ ဒေသခံတိုင်းရင်းသားများအပါအဝင် တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ မြန်မာနိုင်ငံတော်၏ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို ထာဝစဉ်ဦးထိပ်ထားဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

(ခ) နိုင်ငံရေးမူဝါဒသဘောထားအနေနဲ့ကတော့ ပါတီစုံဒီမိုကရေစီစနစ် ကျင့်သုံးတဲ့နေရာမှာ အမျိုးသားအကျိုးစီးပွားနဲ့ ပြည်နယ်အကျိုးစီးပွားကို ဦးထိပ်ထားဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

(ဂ) စီးပွားရေးမူဝါဒကတော့ ဈေးကွက်စီးပွားရေးစနစ်ကို ကျင့်သုံးမှာဖြစ်ပြီး ကျွန်တော်တို့ပြည်နယ် ဒေသခံတိုင်းရင်းသား စီးပွားရေးလုပ်ငန်းရှင်များအတွက် လိုအပ်သောအရင်းအနှီး၊ နည်းပညာနဲ့ ဈေးကွက်ရရှိရေးတို့ကို ကြိုးပမ်းမြှင့်တင် ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

(ဃ) လူ့အခွင့်အရေးဆိုင်ရာမူဝါဒကတော့ အခြေခံဥပဒေနှင့်အညီ ရရှိလာမည့် နိုင်ငံသားတို့၏အခွင့်အရေးနဲ့ ရပိုင်ခွင့်များကို ကျွန်တော်တို့ ကရင်ပြည်နယ် ဒေသခံတိုင်းရင်းသားပြည်သူများ တစ်ပြေးညီ ရရှိစေရေးအတွက် အာမခံချက်ပေးသွားမှာ ဖြစ်ပါတယ်။

(င) ကျွန်တော်တို့ရဲ့ တိုင်းရင်းသားရေးဆိုင်ရာ မူဝါဒကတော့ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို မရှိမဖြစ် လိုအပ်ချက်အဖြစ် အလေးအနက်ထားခံယူမှာဖြစ်ပြီး ကျွန်တော်တို့ ကရင်ပြည်နယ် ဒေသခံတိုင်းရင်းသားများအပါအဝင် တိုင်းရင်းသားပြည်သူများအားလုံး၏ အခွင့်အရေးများကို အပြည့်အဝ ရရှိခံစားနိုင်စေဖို့ အကောင်အထည်ဖော် ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

(စ) ဘာသာရေးဆိုင်ရာမူဝါဒအနေနဲ့ ဒေသခံတိုင်းရင်းသားပြည်သူများအား လွတ်လပ်စွာကိုးကွယ်ခွင့်နဲ့ ယုံကြည်ခွင့်အတွက် အာမခံမှာ ဖြစ်ပါတယ်။

(ဆ) ပူးပေါင်းဆောင်ရွက်ရေးမူဝါဒအနေနဲ့ ကျွန်တော်တို့ပါတီဟာ အခြားသော နိုင်ငံရေးပါတီများ၊ တိုင်းရင်းသားပါတီများအားလုံးကို လုပ်ဖော်ကိုင်ဖက် မဟာမိတ်များအဖြစ် ချစ်ကြည်ရင်းနှီးစွာ ဆက်ဆံပြီး လက်ခံနိုင်သော နယ်ပယ်များ၌ ပူးပေါင်းဆောင်ရွက်သွားမှာဖြစ်ပါတယ်။

(ဇ) ကျွန်တော်တို့ပါတီရဲ့ ပညာရေးမူဝါဒကတော့ ဒေသခံတိုင်းရင်းသား ရင်သွေးငယ်များရဲ့ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရေးကို မြှင့်တင်ဆောင်ရွက်ပြီး နိုင်ငံတကာအဆင့်မီ ပညာရေးဖြစ်လာအောင် အားပေးဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

(ဈ) ကျန်းမာရေးဆိုင်ရာမူဝါဒကတော့ ဒေသခံတိုင်းရင်းသားပြည်သူများရဲ့ ကျန်းမာကြံ့ခိုင်မှုနှင့် ကျန်းမာရေးစောင့်ရှောက်မှု အဆင့်အတန်း တိုးတက်အောင်မြင်အောင် မြှင့်တင်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

(ည) ကျွန်တော်တို့ပါတီရဲ့ ယဉ်ကျေးမှုဆိုင်ရာ မူဝါဒသဘောထားကတော့ ကျွန်တော်တို့ ပြည်နယ်အတွင်းရှိ ဒေသခံတိုင်းရင်းသားများရဲ့ ဘာသာစကား၊ စာပေ၊ ယဉ်ကျေးမှုနဲ့ အမျိုးသားရေးလက္ခဏာများ အစဉ်တည်တံ့ရှင်သန်ပြန့်ပွားအောင် ထိန်းသိမ်းမြှင့်တင်ပေးသွားမှာ ဖြစ်ပါတယ်။

ကျွန်တော်တို့ ကရင်ပြည်နယ်ဒီမိုကရေစီနှင့် ဖွံ့ဖြိုးတိုးတက်ရေးပါတီရဲ့ နိုင်ငံရေးလုပ်ငန်းစဉ်များအနေနဲ့ကတော့-

(က) ပါတီစုံဒီမိုကရေစီစနစ်ကျင့်သုံးရာမှာ အမျိုးသားအကျိုးစီးပွားနဲ့ ပြည်နယ်အကျိုးစီးပွားကို ဦးထိပ်ထားဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

(ခ) ကျွန်တော်တို့ ဒေသခံလူ့အဖွဲ့အစည်းအတွင်း လွတ်လပ်မှုနဲ့ ပါဝင်မှုတို့ကို ဟန်ချက်ညီညီ ကျင့်သုံးမည့် ဒီမိုကရေစီကျင့်စဉ်များ ထွန်းကားလာစေရေး အတွက် ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

(ဂ) နိုင်ငံတော် အချုပ်အခြာအာဏာ၏ ခက်မသုံးဖြာဖြစ်တဲ့ ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေး စသည့် တာဝန်ယူဦးဆောင်မှု အပိုင်းများ၌ အရည်အချင်းပြည့်ဝသော ကျွန်တော်တို့ဒေသခံတိုင်းရင်းသားများ ကိုယ်စားပြုပါဝင်နိုင်စေရန် ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

(ဃ) နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးကဏ္ဍများအားလုံးတွင် တိုင်းရင်းသားအခွင့်အရေးများ တန်းတူညီမျှရှိစေရေး၊ တရားမျှတမှုရှိစေရေး၊ လူ့အခွင့်အရေးများ ထွန်းကားပြန့်ပွားရေးတို့ကို ဦးဆောင်ကြိုးပမ်းဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

ကျွန်တော်တို့ပါတီရဲ့ စီးပွားရေးလုပ်ငန်းစဉ်အနေနဲ့ ဈေးကွက်စီးပွားရေးစနစ်ကို ကျင့်သုံးသွားမှာဖြစ်ပြီးတော့ စီးပွားရေးလုပ်ငန်းတွေမှာ ဒေသခံတိုင်းရင်းသားလုပ်ငန်းရှင်များ ထိုးဖောက်နိုင်ရေး၊ အသေးစားနဲ့ အလတ်စားစီးပွားရေးလုပ်ငန်းများ ရှင်သန်ဖွံ့ဖြိုးရေးတို့အတွက် ကြိုးပမ်းဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ဒါ့အပြင် ဒေသခံစီးပွားရေးလုပ်ငန်းရှင်တွေအတွက် လိုအပ်တဲ့ အရင်းအနှီး၊ နည်းပညာနဲ့ ဈေးကွက်တွေရရှိဖို့ ကြိုးပမ်းဆောင်ရွက်သွားပြီးတော့ ဒေသခံစီးပွားရေးလုပ်ငန်းရှင်များကို ကာကွယ်စောင့်ရှောက်သွားမှာ ဖြစ်ပါတယ်။ မိမိတို့ ကရင်ပြည်နယ်ဒေသခံတိုင်းရင်းသားများရဲ့ အလုပ်အကိုင်အခွင့်အလမ်းများနဲ့ တစ်ဦးချင်းဝင်ငွေ တိုးတက်ရေး၊ ဈေးကွက်ပွင့်လင်းရေးလုပ်ငန်းများကို ကြိုးပမ်းဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

ကျွန်တော်တို့ ပါတီအနေနဲ့ ကရင်ပြည်နယ် ဒေသခံတိုင်းရင်းသားပြည်သူများကို တန်ဖိုးထားလေးစားရမည့် အဓိကအင်အားစုအဖြစ် ရှုမြင်ပါတယ်။ ဒါ့ကြောင့် ကျွန်တော်တို့ပါတီဟာ ကရင်ပြည်နယ်ဒေသခံ တိုင်းရင်းသား ပြည်သူများရဲ့ အကျိုးစီးပွားနှင့် လိုအင်ဆန္ဒကို အစဉ်ထာဝရ ဦးထိပ်ထားဆောင်ရွက်သွားပါမယ်။ ပါတီအကျိုးစီးပွားနဲ့ ဒေသခံပြည်သူများရဲ့ အကျိုးစီးပွား ယှဉ်လာရင် ဒေသခံတိုင်းရင်းသားပြည်သူများရဲ့ အကျိုးစီးပွားကို ဦးစားပေးသွားမှာ ဖြစ်ပါတယ်။ ကရင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်မှု နောက်ကျနေသေးသော ဒေသများ အမြန်ဖွံ့ဖြိုးတိုးတက်စေရန်အတွက် လမ်း၊ တံတားအသစ်များကို ဖောက်လုပ်ပေးသွားမှာဖြစ်သလို ဖောက်လုပ်ပြီးဖြစ်တဲ့ လမ်း၊ တံတားများကိုလည်း အဆင့်မြှင့်ပြုပြင်မွမ်းမံထိန်းသိမ်းသွားနိုင်ရေး ဆောင်ရွက်သွားမှာ ဖြစ်တယ်။

ဒါ့အပြင် ဒေသရိက္ခာဖူလုံရေး၊ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး၊ အလုပ်အကိုင်အခွင့်အလမ်းပေါ်များပြီး ဒေသတွင်းစီးပွားရေး ဖွံ့ဖြိုးရှင်သန်အားကောင်းလာစေရေး၊ ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အခြေခံအဆောက်အအုံပြည့်စုံရေးဆိုတဲ့ အချက်များကိုလည်း အလေးထား ကြိုးပမ်းဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

နိဂုံးချုပ်အနေနဲ့ ပြောကြားလိုတာကတော့ ကျွန်တော်တို့ပါတီသည် ဒီမိုကရေစီအရေး ဦးထိပ်ထားပြီး ကရင်ပြည်နယ်အတွင်း စစ်မှန်သော ဒီမိုကရေစီ ရှင်သန်ဖွံ့ဖြိုးလာအောင် ဆောင်ရွက်သွားမှာဖြစ်တဲ့အပြင် ပြည်နယ်တစ်ဝန်းလုံး ငြိမ်းချမ်းသာယာပြီး အဘက်ဘက်မှ ဖွံ့ဖြိုးတိုးတက်လာအောင် ဒီမိုကရေစီစိတ်ဓာတ်မြင့်မားသော ပြည်နယ်သူ၊ ပြည်နယ်သားများနှင့်အတူ စုပေါင်းလက်တွဲ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ကျွန်တော်တို့အားလုံးရဲ့ ကြိုးပမ်းဆောင်ရွက်မှုများကြောင့် တိုးတက်ကြွယ်ဝသော ပြည်နယ်မှတစ်ဆင့် နိုင်ငံတော် အားကိုးအားထားပြုရသော နိုင်ငံတော်အစိတ်အပိုင်းနှင့် ဒေသခံပြည်သူများဖြစ်လာအောင် အစဉ်ဦးထိပ်ထား ဆောင်ရွက်သွားမည်ဖြစ်ကြောင်း နိဂုံးချုပ်ပြောကြားလိုပါတယ်။

နိုင်ငံသူ၊ နိုင်ငံသားများနဲ့ ပြည်နယ်သူ၊ ပြည်နယ်သားများအားလုံး သာယာဝပြောနိုင်ကြပါစေ။

# ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် ထိုင်းနိုင်ငံဝန်ကြီးချုပ် ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များနှင့် တွေ့ဆုံ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု စဉ်ဆက်မပြတ်တိုးမြှင့်ခိုင်မာရေး ရင်းနှီးပွင့်လင်းစွာ ဆွေးနွေး

နေပြည်တော် အောက်တိုဘာ ၁၁

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်သည် နေပြည်တော်သို့ရောက်ရှိနေသော ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာ အဘီဆစ် ဝဲ့ချာချီဝ ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များနှင့် ယနေ့ နံနက် ၁၁နာရီ ၁၀မိနစ်တွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်၌ တွေ့ဆုံဆွေးနွေးသည်။



တွေ့ဆုံဆွေးနွေး

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်နှင့် ထိုင်းနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ အဘီဆစ် ဝဲ့ချာချီဝ ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့တို့ ဇေယျာသီရိဗိမာန်၌ တွေ့ဆုံဆွေးနွေးကြစဉ်။ (သတင်းစဉ်)

## တက်ရောက်

အဆိုပါတွေ့ဆုံဆွေးနွေးပွဲသို့ နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်နှင့်အတူ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနဝန်ကြီး ဦးစိုးသာ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဦးစိုးနိုင်၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဝန်ကြီး ဦးတင်နိုင်သိန်း၊ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဦးမောင်ဦး၊ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးမြင့်၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးမြင့်ကြူ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မြင့်၊ စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန်းဌေး၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦးနှင့် ဌာနဆိုင်ရာ အကြီးအကဲများ တက်ရောက်ကြပြီး ဧည့်သည်တော် ထိုင်းနိုင်ငံ ဝန်ကြီးချုပ်နှင့်အတူ ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာကာဆစ်ပီရိုမြ၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး H.E Mr. Apirath Vienravi နှင့် အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

## ရင်းနှီးပွင့်လင်းစွာဆွေးနွေး

ထိုသို့ တွေ့ဆုံဆွေးနွေးရာတွင် နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှု စဉ်ဆက်မပြတ်တိုးမြှင့်ခိုင်မာရေး၊ နှစ်နိုင်ငံ နယ်စပ်ဒေသများ၌ တရားဥပဒေစိုးမိုးရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် နှစ်နိုင်ငံ တိုးမြှင့်ပူးပေါင်းဆောင်ရွက်ရေး၊ နှစ်နိုင်ငံ စီးပွားရေးနှင့် နည်းပညာ ပူးပေါင်းဆောင်ရွက်ရေး၊ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ရေး၊ ခရီးသွားလုပ်ငန်းမြှင့်တင်ရေး၊ ထားဝယ်ရေနက်ဆိပ်ကမ်းတည်ဆောက်ရေး၊ ထိုင်းနိုင်ငံရောက် အလုပ်သမားများကိစ္စနှင့် နှစ်နိုင်ငံပြည်တွင်းရေး အခြေအနေများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။ (သတင်းစဉ်)

# ရောဝတီတံတား(စင်းခန်း) တည်ဆောက်ရေးလုပ်ငန်းများ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မြင့်စိုး ကြည့်ရှုစစ်ဆေး





ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မြင့်စိုး မြစ်ကြီးနားတပ်နယ်ခန်းမ၌ တပ်နယ်မှ အရာရှိ၊ အရာခံ၊ အကြပ်၊ စစ်သည်များနှင့် မိသားစုဝင်များအား အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

နေပြည်တော် အောက်တိုဘာ ၁၁

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မြင့်စိုးသည် အောက်တိုဘာ ၈ရက် နံနက်ပိုင်းတွင် မြစ်ကြီးနားတပ်နယ်ခန်းမ၌ တပ်နယ်မှ အရာရှိ၊ အရာခံ၊ အကြပ်၊ စစ်သည်နှင့် မိသားစုဝင်များအားတွေ့ဆုံပြီး မိသားစုဝင်များအတွက် လက်ဆောင်ပစ္စည်းများပေးအပ်သည်။

## ကြည့်ရှုစစ်ဆေး

ထို့နောက် မြစ်ကြီးနား-ဒေါ့ဖုန်းယန်-မိုးမောက်-ဗန်းမော်လမ်းပိုင်း အခြေအနေများ၊ လမ်းဘေးဝဲ/ယာရှိ စိုက်ခင်းများ၊ လမ်းတစ်လျှောက်ရှိ မြို့နယ်များနှင့် ကျေးရွာများ ဖွံ့ဖြိုးတိုးတက်မှုအခြေအနေတို့ကို မော်တော်ယာဉ်ဖြင့် ဖြတ်သန်းကြည့်ရှုစစ်ဆေးခဲ့ပြီး မိုးမောက်မြို့နယ် မိုင်းခတ်ကျေးရွာ၌ ဒေသခံတောင်သူများ စုပေါင်းစိုက်ပျိုးထားသည့် မိုးစပါးစိုက်ခင်းကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ယင်းနောက် ဒေသခံတောင်သူများအား ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်ပြီး ဒေသအခြေအနေများကို မေးမြန်းကာ လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ဖြည့်ဆည်း၍ လမ်းပိုင်းအခြေအနေများနှင့် ဒေသဖွံ့ဖြိုးတိုးတက်မှု အခြေအနေများကို မော်တော်ယာဉ်ဖြင့် ကြည့်ရှုစစ်ဆေးသည်။

ဗိုလ်ချုပ်မြင့်စိုးသည် အောက်တိုဘာ ၉ရက်တွင် ဗန်းမော်-လွယ်ဂျယ်လမ်းပိုင်း အခြေအနေများ၊ မိုးစပါးစိုက်ပျိုးထားရှိမှု၊ လမ်းတစ်လျှောက်ရှိ ကျေးရွာများ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေများကို မော်တော်ယာဉ်ဖြင့် ဖြတ်သန်းကြည့်ရှုစစ်ဆေးသည်။

## ပေးအပ်

ထို့နောက် လွယ်ဂျယ်ပြည်သူ့ဆေးရုံသို့ သွားရောက်၍ ဆေးစတို၊ ခွဲစိတ်ခန်းနှင့် ဓာတ်မှန်ခန်းတို့ကို ကြည့်ရှုစစ်ဆေးပြီး ဆေးရုံတက်လူနာများအား လိုက်လံနှုတ်ဆက်ကာ ဆေးရုံဝန်ထမ်းများအတွက် လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

ဆက်လက်၍ လွယ်ဂျယ်မြို့ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေများကို မော်တော်ယာဉ်ဖြင့် လှည့်လည် ကြည့်ရှုစစ်ဆေးပြီး လွယ်ဂျယ်မြို့ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံးခန်းမ၌ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် တွေ့ဆုံသည်။

ယင်းနောက် ဗန်းမော်-မန်စီ-စင်းခန်း လမ်းပိုင်းအခြေအနေများ၊ လမ်းတစ်လျှောက်ရှိ တံတားများ ကြံ့ခိုင်ကောင်းမွန်မှုနှင့် တည်ဆောက်နေမှုတို့ကို မော်တော်ယာဉ်ဖြင့် ဖြတ်သန်းကြည့်ရှုစစ်ဆေးခဲ့ပြီး ဗန်းမော်မြို့နယ် စင်းခန်းတံတား တည်ဆောက်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိ၍ ရှုရပ်မှ ချဉ်းကပ်လမ်းတံတားတိုင်များ တည်ဆောက်ပြီးစီးမှု၊ ရေလယ်တိုင်များ တည်ဆောက်နေမှု၊ ရောဝတီမြစ်တစ်ဖက်ကမ်း ကသာဘက်ခြမ်း၌ ကမ်းကပ်ခုံနှင့် ချဉ်းကပ်လမ်းတံတားတိုင်များ တည်ဆောက်ပြီးစီးမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့သည်။

## တွေ့ဆုံ

ဗိုလ်ချုပ်မြင့်စိုးသည် အောက်တိုဘာ ၁၀ရက်တွင် ဗန်းမော်တပ်နယ်ခန်းမ၌ တပ်နယ်မှ အရာရှိ၊ အရာခံ၊ အကြပ်၊ စစ်သည်နှင့် မိသားစုဝင်များအား တွေ့ဆုံပြီး မိသားစုဝင်များအတွက် စားသောက်ဖွယ်ရာများနှင့် လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



အောက်တိုဘာ ၁၁ရက်က တေဇ (၂၃) ကျောင်းဆင်းအရာရှိများက ဇီဝိတဒါနသံဃာ့ဆေးရုံ ဆွမ်း၊ ဆေး ပဒေသာပင်အတွက် ငွေကျပ် ၁၀သိန်း လှူဒါန်းရာ အတွင်းရေးမှူး ဦးသိန်းအောင် လက်ခံယူစဉ်။ (သံဃာ့ဆေးရုံ)

## မြစ်ရေကြီးမှု အခြေအနေ

*နေပြည်တော် အောက်တိုဘာ ၁၁*

*ဒုဋ္ဌဝတီမြစ်ရေသည် ယနေ့ မွန်းလွဲ ၁၂နာရီခွဲအချိန် တိုင်းထွာချက်အရ မြစ်ငယ်မြို့တွင် ၉၀၅စင်တီမီတာသို့ ရောက်ရှိနေသည်။ အဆိုပါ မြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၂၄နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် ၈၇၀စင်တီမီတာ အထက်တွင် ဆက်လက်တည်ရှိနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှု ဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ (သတင်းစဉ်)*

# မကွေးတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့ကို ဆက်သွယ်ဖောက်လုပ်ထားသည့် အရှည် ၉၁မိုင် ၄ဖာလုံရှိ

## ပျော်ဘွယ်-ရွာမွန်-နတ်မောက်-ကန်ပြားလမ်း ကတ္တရာလမ်းဖွင့်ပွဲ ကျင်းပ

နေပြည်တော် အောက်တိုဘာ ၁၁

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက တာဝန်ယူဖောက်လုပ်ပြီးစီးခဲ့သည့် မကွေးတိုင်းဒေသကြီး မကွေးခရိုင် နတ်မောက်မြို့နယ်နှင့် မန္တလေးတိုင်းဒေသကြီး ရမည်းသင်းခရိုင် ပျော်ဘွယ်မြို့နယ်တို့ကို ဆက်သွယ်ဖောက်လုပ်ထားသည့် အရှည် ၉၁မိုင် ၄ဖာလုံရှိ ပျော်ဘွယ်-ရွာမွန်-နတ်မောက်-ကန်ပြားလမ်း ကတ္တရာလမ်းဖွင့်ပွဲ အခမ်းအနားကို ယမန်နေ့နံနက်ပိုင်းက အဆိုပါလမ်း မိုင်တိုင်အမှတ်(၆၂/၄)ရှိ မင်္ဂလာမဏ္ဍပ်၌ကျင်းပရာ ရှေးဦးစွာ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့်က ကတ္တရာလမ်းဆိုင်ရာ အချက်အလက်များ၊ လမ်းအင်္ဂါရပ်ဆိုင်ရာများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားရာတွင် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက **"မိမိတို့နိုင်ငံတော်ရှိ ဒေသအားလုံးဟာ ယေဘုယျအားဖြင့် အခြေခံအချက်များ တူညီကြသော်လည်း ဝိသေသအားဖြင့် တစ်နေရာနဲ့တစ်နေရာ မတူညီတဲ့ထူးခြားတဲ့ အခြေအနေများရှိကြောင်း၊ ဒေသတစ်ခုနှင့် တစ်ခုကြား ဆူကြဲ့နိမ့်မြင့်ကွာဟချက်များ လျော့နည်းကျဆင်းပြီး ဒေသအားလုံး တတ်နိုင်သမျှ ၊ မျှမျှတတ တစ်ပြေးညီဖွံ့ဖြိုးလာဖို့ဆိုရင် နယ်မြေအလိုက် ဖြစ်ပေါ်တည်ရှိနေတဲ့ ထူးခြားတဲ့ သဘာဝအခြေခံများကို မှန်မှန်ကန်ကန်ဖော်ထုတ် အသုံးပြုနိုင်ရန် လိုအပ်ကြောင်း၊ တစ်နည်းအားဖြင့် ရေမြေသဘာဝ သယံဇာတများရဲ့ အခွင့်အလမ်းပေးမှုများကို လူ့လုပ်အားနဲ့ မှန်မှန်ကန်ကန် ထိထိရောက်ရောက် ပေါင်းစပ်ပြီး အသုံးချနိုင်မှသာ တိုးတက်ဖွံ့ဖြိုးမှုရရှိလာမှာ ဖြစ်ကြောင်း၊ ဒီလိုဆောင်ရွက်နိုင်ဖို့ဆိုရင် အဓိကအခြေခံအဆောက်အအုံနဲ့ လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့ဖို့ လိုကြောင်း၊ ဒါကြောင့်လည်း ဘယ်တုန်းကမှ ဘယ်သူကမှ စဉ်းစားမျှော်လင့်မထားတဲ့ တောတောင်နဲ့ ချောင်းမြောင်းထူထပ်တဲ့ ဒေသတွေမှာ လမ်းဖောက်ဖို့ စဉ်းစားဆောင်ရွက်ခဲ့တာဖြစ်ကြောင်း"** လမ်းညွှန်မိန့်ကြားခဲ့ကြောင်း။



ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့်၊ မကွေးတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဘုန်းမော်ရွှေနှင့် တာဝန်ရှိသူများ ပျော်ဘွယ်-ရွာမွန်-နတ်မောက်-ကန်ပြား ကတ္တရာလမ်းကို ဖြတ်သန်းကြည့်ရှုကြစဉ်။

(သတင်းစဉ်)

### အချိန်မကုန်

ယနေ့ဖွင့်လှစ်သည့် ပျော်ဘွယ်-ရွာမွန်-နတ်မောက်-ကန်ပြား လမ်းသည် မန္တလေးတိုင်းဒေသကြီး ရမည်းသင်းခရိုင်မှ အစပြုကာ မိုင်တိုင်(၀/၀)မှ (၂၅/၄)မိုင်အထိဖြစ်ပြီး ဆက်လက်၍ မကွေးတိုင်းဒေသကြီး မကွေးခရိုင်အတွင်းတွင် မိုင်တိုင်(၂၅/၄)မှ(၉၁/၄) မိုင်အထိ စုစုပေါင်း ၉၁မိုင် ၄ဖာလုံ အရှည်ရှိသည့် ကတ္တရာလမ်းအဖြစ် ဖောက်လုပ်နိုင်ခဲ့ခြင်းဖြစ်ကြောင်း၊ လမ်းတစ်လမ်းလုံးအနေဖြင့် ကတ္တရာလမ်း ၁၈ပေအကျယ် ၈မိုင် ၄ဖာလုံနှင့် ၁၂ပေအကျယ် ၈၃မိုင်ရှိသည့် လမ်းဖြစ်ကြောင်း၊ဤလမ်းကို ယခင်က ၁၉၉၁/၉၂ တွင် စတင် ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး နိုင်ငံတော်အကြီးအကဲက ပျော်ဘွယ်-ရွာမွန်-နတ်မောက်- ကန်ပြားလမ်းကို လမ်းလုံခြုံချောမွေ့စွာ အချိန်တိုအတွင်း သွားလာနိုင်ရေးဆောင်ရွက်ရန် လမ်းညွှန်မိန့်ကြားခဲ့သည့်အတွက် ၁၅-၅-၂၀၁၀ ရက်မှစ၍ မူလရှိပြီးသား ကတ္တရာလမ်းပျက်အား ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက ခရိုင်အဖွဲ့ငါးဖွဲ့၊ လမ်းအထူးအဖွဲ့နှစ်ဖွဲ့၊ အဆောက်အအုံအထူးအဖွဲ့ နှစ်ဖွဲ့၊ တံတားအထူးအဖွဲ့ တစ်ဖွဲ့ စုစုပေါင်းအဖွဲ့ ၁၀ဖွဲ့ဖြင့် ဆောင်ရွက်ခဲ့ရာ ယနေ့ ၁၀-၁၀-၂၀၁၀ရက်မှာ ဤလမ်းကို အောင်မြင်စွာ ဖွင့်လှစ်နိုင်ခြင်းဖြစ်ကြောင်း၊ ဤလမ်းသည် ယခင်က မြေလမ်းတာပေါင် ၂၄ပေခန့်ရှိရာမှ ယခု ၃၄ပေ အကျယ်အထိ ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ယခင်က ဤလမ်းကို မော်တော်ကားဖြင့် အချိန်ငါးနာရီခန့်ကြာအောင် သွားလာရပြီး ယခုဆိုလျှင် အချိန်နှစ်နာရီခွဲနှင့် အချိန်မကုန်ဘဲ လမ်းအစအဆုံးကို သွားလာနိုင်ပြီဖြစ်ကြောင်း။

ယခုအခါတွင် ဆောက်လုပ်ရေးဝန်ကြီးဌာနက ဆောင်ရွက်နေသည့် လမ်းများအနက် လမ်းအချို့ကို ပြောပြရမည်ဆိုပါလျှင် (၁) ပုသိမ်-မုံရွာလမ်းမကြီး မိုင်အရှည် မိုင် ၄၅၀ ၅ဖာလုံ၊ (၂) တိုက်ကြီး-ဖူးကြီး-ဖောင်ကြီး-ပဲခူးလမ်း (တိုက်ကြီး-၁၀မိုင်ကုန်းရာပိုင်း) မိုင်အရှည် ၄၂မိုင် ၇ဖာလုံ၊ (၃) မင်းလှ-စိန်ကန့်လန့်-မြို့ချောင်း-ဖဒို-ပိန်းဇလုပ် မိုင်အရှည် ၈၆မိုင် ၆ဖာလုံ၊ (၄) ကိုးပင်-သာဂရလမ်း၊ မိုင်အရှည် ၉၆မိုင် ၃ဖာလုံ၊ (၅) မကွေး-ကန်ပြား-မြို့သစ်-တောင်ညို-နေပြည်တော်လမ်း မိုင်အရှည် မိုင်၈၀ ၄ဖာလုံ၊ (၆) ပြင်ဦးလွင်-မိုးကုတ်လမ်း မိုင်အရှည် ၉၇မိုင် ၇ဖာလုံ၊ (၇) ကသာ-စင်းခန်းလမ်း မိုင်အရှည် ၆၅မိုင်၊ (၈) မြစ်ကြီးနား-ဆွမ်ပရာဘွမ်- ပူတာအိုလမ်း မိုင်အရှည် ၂၁၈မိုင်၊ (၉) သဏ္ဍယ်ကျင်း-ဖောင်ပြင်-ခန္တီးလမ်း မိုင်အရှည် မိုင်၃၃၀၊(၁၀) ပျဉ်းမနား-ပင်လောင်းလမ်းမိုင်အရှည် မိုင် ၇၀ ၂ဖာလုံ၊ (၁၁) ရခိုင်ပြည်နယ်အတွင်း ပုဏ္ဏားကျွန်း-ရသေ့တောင်လမ်းမိုင်အရှည် ၂၂မိုင် ၆ဖာလုံ၊ (၁၂) မြေပုံ-မင်းပြားလမ်း မိုင်အရှည် ၂၄ မိုင် ၇ဖာလုံ၊ (၁၃) မြေပုံ-ကံသာ-ကြာအင်းတောင်လမ်း မိုင်အရှည် ၁၂မိုင် ၅ဖာလုံ၊ (၁၄) ပေါက်တော-မင်းပြားလမ်း မိုင်အရှည် မိုင်၂၀ ၆ဖာလုံ၊ (၁၅) ကျောက်တော်-ပလက်ဝလမ်း မိုင်အရှည် ၃၃ မိုင် ၅ဖာလုံ၊ (၁၆) ရန်ကုန်-စစ်တွေလမ်း (အမ်း-စစ်တွေအပိုင်း) ၁၉၉မိုင် ၃ဖာလုံနှင့် (၁၇) မင်းဘူး-အမ်း-တပ်တောင်လမ်း (မင်းဘူး-အမ်းအပိုင်း) ၉၇မိုင် ၂ဖာလုံတို့ ဖြစ်ကြကြောင်း၊ ယင်းလမ်း ၁၇လမ်းကို ဆောက်လုပ်ရေးဝန်ကြီးဌာနက ဆောက်လုပ်ရေးအဖွဲ့များနှင့် လမ်း၊ တံတားလုပ်ငန်း လက်တွေ့လုပ်ကိုင်လျက်ရှိသော မုံရွာ-ကနီ-ကင်း-မင်းကင်း-ကဝကုမ္ပဏီ ၉၃ဖွဲ့တို့ ပူးပေါင်းဆောင်ရွက်လုပ်ကိုင်နေကြခြင်းဖြစ်ကြောင်း။

### တည်ဆောက်နေ

နိုင်ငံတော်အတွင်း တံတားများ တည်ဆောက်လျက်ရှိရာမှာ ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် ၁၉၈၈ခုနှစ်မှ ယနေ့အထိ ပေ ၁၈၀ အောက် တံတားပေါင်း ၂၉၁၅စင်းနှင့် ပေ ၁၈၀ အထက် တံတားကြီး ၂၄၅စင်း တည်ဆောက်ဖွင့်လှစ်ပေးနိုင်ခဲ့ပြီး ပေ ၁၈၀ အထက် တံတား ၃၅ စင်း တည်ဆောက်နေဆဲဖြစ်ကြောင်း၊ ယခု ဧရာဝတီမြစ်ကူးတံတားကြီး ငါးစင်း တည်ဆောက်လျက်ရှိရာတွင် နှစ်လမ်းသွားကားလမ်းနှင့်ရထားလမ်း ပူးတွဲတံတားကြီး လေးစင်းနှင့် နှစ်လမ်းသွား ကားလမ်းသက်သက် တံတားကြီးတစ်စင်း တည်ဆောက်နေကြောင်း၊ ယင်းတံတားများမှာ (၁) ၁၁၄၃၁ပေ အရှည်ရှိသည့် ဧရာဝတီတံတား(ပခုက္ကူ)၊ (၂) ၇၉၀၂ပေအရှည်ရှိသည့် ဧရာဝတီတံတား(ညောင်တုန်း)၊ (၃) ၃၂၁၅ပေ အရှည်ရှိသည့် ဧရာဝတီတံတား(မလွန်)၊ (၄) ၅၅၀၁ပေ အရှည်ရှိသည့် ဧရာဝတီတံတား(စင်းခန်း)၊ (၅) ပေ ၂၄၈၀ အရှည်ရှိသည့် (ရတနာသိင်္ဃ) တံတားတို့ပင် ဖြစ်ကြောင်း။

ယနေ့ဖွင့်လှစ်သည့် လမ်းမကြီးကို ယခုကဲ့သို့ အဆင့်အတန်းမီမီနှင့် တည်ဆောက်ပြီးစီးသွားပြီဖြစ်ရာ ယင်းလမ်းကြီးကို လက်ရှိအဆင့်အတန်းထက် နိမ့်ကျမသွားအောင်၊ ရေရှည်အသုံးပြုသွားနိုင်အောင် ထိန်းသိမ်းကြရန် အရေးကြီးကြောင်း ပြောကြားသွားသည်။

ထို့နောက် မကွေးတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဘုန်းမော်ရွှေက အမှာစကား ပြောကြားပြီးနောက် ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင့်ဆွေနှင့် တာဝန်ရှိသူတို့နှင့်အတူ ပျော်ဘွယ်-ရွာမွန်-နတ်မောက်-ကန်ပြား ကတ္တရာလမ်းကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။

ယနေ့ဖွင့်လှစ်သည့် ပျော်ဘွယ်-ရွာမွန်-နတ်မောက်-ကန်ပြားလမ်းသည် မန္တလေးတိုင်းဒေသကြီး ရမည်းသင်းခရိုင် ပျော်ဘွယ်မြို့နယ်မှ အစပြုကာ မကွေးတိုင်းဒေသကြီး မကွေးခရိုင် နတ်မောက်မြို့နယ်အထိ စုစုပေါင်း ၉၁/၄မိုင် အရှည်ရှိသည့် ကတ္တရာလမ်းဖြစ်ပြီး လမ်းအကျယ်မှာ ၁၈ ပေရှိသည်။ ပျော်ဘွယ်-ရွာမွန်-နတ်မောက်-ကန်ပြားလမ်း ဖွင့်လှစ်ပေးသည့်အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးသို့ မြန်မာပြည်အရှေ့မှ အနောက်၊ တောင်မှ မြောက်သို့ လမ်းကွန်ရက်သဖွယ် ဆက်သွယ်ဖောက်လုပ်ထားသည့် လမ်းများမှတစ်ဆင့် ဒေသအသီးသီးမှ ထွက်ကုန်များကို နိုင်ငံတစ်ဝန်းလုံးသို့ ပိုမို မြန်ဆန်စွာ သယ်ယူပို့ဆောင်နိုင်တော့မည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## မိုးစပါးအထွက်မှန်ကန်ရေး တိုက်ကြီး၌ စံကွက်ရိတ်သိမ်း

ရန်ကုန် အောက်တိုဘာ ၁၁

ရန်ကုန်တိုင်းဒေသကြီး မြေစာရင်းဦးစီးဌာနမှူး ဦးကျင်ထွန်းသည် ရန်ကုန်မြောက်ပိုင်းခရိုင် မြေစာရင်းဦးစီးဌာနမှူး၊ တိုက်ကြီးမြို့နယ် မြေစာရင်းဦးစီးဌာနမှူး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး၊ မြို့နယ် စီမံကိန်းရေးဆွဲရေးဦးစီးဌာန ဒုတိယဦးစီးမှူးတို့နှင့်အတူ အောက်တိုဘာ ၇ရက် နံနက်ပိုင်းက မိုးစပါးအထွက်နှုန်း မှန်ကန်ရေးအတွက် ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် တာခွကျေးရွာအုပ်စု ကွင်းအမှတ်(၇၀၄)၊ တလုတ်ထော်ကန်ကွင်း ဦးပိုင်အမှတ်(၅) တောင်သူ ဦးအေးမင်း၏ ရတနာတိုးမိုးစပါးစိုက်ခင်းစံကွက်ကို ရိတ်သိမ်းခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)**

**(မြို့နယ်မြေစာရင်း)**



## အသည်းရောင်အသားဝါ(ဘီ)ပိုးနှင့်(စီ)ပိုး ကာကွယ်ရေးနှိုးဆော်ချက်

အသည်းရောင်အသားဝါရောဂါဖြစ်စေသော ရောဂါပိုးများတွင် အသည်းရောင် အသားဝါ(ဘီ)ပိုးနှင့် (စီ)ပိုးများလည်း ပါဝင်သည်။ (ဘီ) နှင့် (စီ)ဗိုင်းရပ်(စ်)ပိုး များသည် တစ်ဦးနှင့်တစ်ဦး သွေးနှင့် ကိုယ်တွင်းအရည်များမှတစ်ဆင့် ကူးစက်နိုင်သည်။ အသည်းရောင်အသားဝါဖြစ်ရာမှ အသည်းခြောက်ခြင်း၊ အသည်းကင်ဆာဖြစ်ခြင်းကြောင့် သေဆုံးသည်အထိ အန္တရာယ်ရှိသည်။

သို့ဖြစ်၍ အသည်းရောင်အသားဝါ (ဘီ)ပိုးနှင့်(စီ)ပိုး ကူးစက်ပျံ့နှံ့ခြင်းမှ ကာကွယ်ရန်အတွက်-

(က) တစ်ကိုယ်ရေသန့်ရှင်းရေးကို ဂရုစိုက်ပါ။ သွားပွတ်တံ စသည်တို့ကို သီးခြားအသုံးမပြုလျှင် ကူးစက်တတ်သည်ကို သတိပြုပါ။

(ခ) လိင်ဆက်ဆံရာမှ ကူးစက်တတ်သည်ကို သတိပြုပါ။

(ဂ) အပ်စိုက်၊ ဆေးထိုးဆေးသွင်းရာမှ ကူးစက်တတ်သဖြင့် သန့်ရှင်းသော တစ်ခါသုံးအပ်များကိုသာ အသုံးပြုပါ။

(ဃ) သွေးမှတစ်ဆင့်ကူးစက်မှုကို ကာကွယ်ရန်အတွက် သန့်စင်သောသွေး ရရှိရန် ဆောင်ရွက်ပါ။

(င) ရောဂါကာကွယ်ကုသရန်အတွက် နီးစပ်ရာ ကျန်းမာရေးဌာနနှင့် ဆက်သွယ်ဆောင်ရွက်ပါ။

**ကျန်းမာရေးဝန်ကြီးဌာန**



ရပ်စောက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဘုရင့်နောင်လမ်း (၁၂၃၀× ၁၂)ပေအား မြေသားလမ်းမှ ကျောက်ချောလမ်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို စက်တင်ဘာ ၂၂ရက်က မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသောင်းညွန့် ကွင်းဆင်းကြီးကြပ်ရာ တာဝန်ခံ အင်ဂျင်နီယာ ဦးကျော်ကျော်အောင်က ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

### နေပြည်တော်မြန်မာ့အသံ

(ဗုဒ္ဓဟူးနေ့-နံနက်+နေ့လယ်+ည)

၁၃-၁၀-၂၀၁၀

၇:၀၀ အဖွင့်တီးလုံး+နှုတ်ခွန်းဆက် နိုင်ငံတော်သီချင်း + ကြေညာချက်
၇:၀၅ တရားတော် (အာဋာနာဋိယသုတ်နှင့် ဂုဏ်တော်ကွန်ချာ)၊ ဓမ္မပူဇာတေးပဒေသာ
၇:၃၀ (၃၈)ဖြာမင်္ဂလာ
၇:၃၅ နံနက်ခင်းတေးပဒေသာ
၈:၀၀ စံတော်ချိန်+သတင်း
၈:၁၀ နံနက်ခင်းတေးပဒေသာ
၁၀:၀၀ အမှတ်တရတေးလက်ဆောင်
၁၀:၃၀ သတင်းစာအာဘော်
၁၀:၃၅ တေးပဒေသာ
၁၁:၀၀ နေ့လယ်ခင်းသတင်း
၁၁:၁၀ ထူးဆန်းထွေလာ ဤမြေကမ္ဘာ(၆၁) နေ့လယ်ခင်းတေးပဒေသာ
၁၁:၃၀ ဆိုကြပျော်ရွှင်တေးသံစဉ် တေးပဒေသာ
၁၂:၀၀ စံတော်ချိန်၊ တေးပဒေသာ
၁၂:၂၅ ဇာတ်လမ်းပမာနားဆင်စရာ **ငွေစံပယ် ကြွေလွယ်မှာစိုး**
၁၂:၄၅ တေးပဒေသာ
၁၃:၀၀ မွန်းလွဲပိုင်းသတင်း
၁၃:၁၀ တေးပဒေသာ
၁၆:၀၀ အဖွင့်တီးလုံး+ကြေညာချက် ညနေခင်းတေးပဒေသာ
၁၆:၃၀ စစ်သည်အတွက် တေးလက်ဆောင်
၁၇:၀၀ ခံတွင်းမြိန်စရာသူ့လက်ရာ (ငါးကြင်းဆားနယ်ဆီပြန်၊ ခွေးတောက်ရွက်နဲ့ဘဲဥကြော်)
၁၇:၁၀ Current Song
၁၇:၂၅ သတင်းစာဆောင်းပါး
၁၇:၃၀ တေးပဒေသာ
၁၇:၃၅ အင်္ဂလိပ်စာ သုတပဒေသာ (28)
၁၈:၀၀ ညနေခင်းသတင်း
၁၈:၁၀ ချစ်ခြင်းဖြေသိမ့်တေးသံငြိမ့်
၁၈:၂၀ ကျေးလက်ဇာတ်လမ်း **စားလို့ကောင်းသောက်လို့ကောင်း**
၁၈:၃၀ တူယှဉ်သီကြွေးစုံတွဲတေး
၁၉:၀၀ နိုင်ငံတကာသတင်း
၁၉:၀၅ သံစဉ်တေးသွားမေတ္တာစကား နိုင်ငံရေးဦးတည်ချက်
၁၉:၁၅ အနုအလှအစုံစုံ သူ့ဘဝအဖုံဖုံ (ရိုရိုသန့်)
၁၉:၃၀ တေးပဒေသာ
၂၀:၀၀ ပြည်တွင်းသတင်း
၂၀:၁၅ နိုင်ငံရေးပါတီများ၏ ဟောပြောချက်များ
၂၀:၄၀ သူ့ခေတ်သူ့အခါတေးကမ္ဘာ စီးပွားရေးဦးတည်ချက်
၂၀:၅၀ သုတအဖြာဖြာ တိုင်းရင်းဆေးပညာ (အာမဝါတခေါ်-အဆစ်ရောင်ရောဂါ) လူမှုရေးဦးတည်ချက်
၂၁:၀၀ ခံစားနားဆင်မြန်မာတေးသံစဉ်
၂၁:၃၀ ညချမ်းချိန်ခါတေးပဒေသာ



နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် ထိုင်းနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ အဘီဆစ် ဝဲ့ချာချီဝ ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များအား နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ ဂုဏ်ပြုနေ့လယ်စာစားပွဲဖြင့် တည်ခင်းဧည့်ခံစဉ်။ (သတင်းစဉ်)

# ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် ထိုင်းနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ အဘီဆစ် ဝဲ့ချာချီဝ ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ဂုဏ်ပြုနေ့လယ်စာ တည်ခင်း

နေပြည်တော် အောက်တိုဘာ ၁၁

**ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်သည် ချစ်ကြည်ရေးခရီးလည်ပတ်ရန် နေပြည်တော်သို့ ရောက်ရှိနေသော ထိုင်းနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ အဘီဆစ် ဝဲ့ချာချီဝ ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များအား ယနေ့မွန်းလွဲ ၁၂နာရီ ၄၅မိနစ်တွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ ဂုဏ်ပြုနေ့လယ်စာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။**

### တက်ရောက်

အဆိုပါ ဂုဏ်ပြုနေ့လယ်စာစားပွဲသို့ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ထိုင်းနိုင်ငံ သံအမတ်ကြီး H.E.Mr. Apirath Vienravi နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

### ဧည့်ခံဖျော်ဖြေ

ဂုဏ်ပြုနေ့လယ်စာ မသုံးဆောင်မီ နိုင်ငံတော်တီးဝိုင်းက နှစ်နိုင်ငံ နိုင်ငံတော် သီချင်းများကို တီးမှုတ်သည်။ ဂုဏ်ပြုနေ့လယ်စာ မသုံးဆောင်မီနှင့် နေ့လယ်စာ သုံးဆောင်နေစဉ်အတွင်း မြန်မာ့အသံ ခေတ်ပေါ်တေးဂီတအဖွဲ့နှင့် တွဲဖက်၍ တေးသံရှင်များက တေးသံသာများဖြင့် လည်းကောင်း၊ ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များက မြန်မာ့ရိုးရာ ယဉ်ကျေးမှုအကပဒေသာတို့ဖြင့်လည်းကောင်း ဧည့်ခံဖျော်ဖြေတင်ဆက်ကြသည်။

### ပေးအပ်

ဂုဏ်ပြုနေ့လယ်စာ သုံးဆောင်အပြီးတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်သည် ဧည့်သည်တော် ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာ အဘီဆစ် ဝဲ့ချာချီဝအား ခရီးစဉ်မှတ်တမ်းအယ်လ်ဘမ်ကို ပေးအပ်သည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်နှင့် ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာ အဘီဆစ် ဝဲ့ချာချီဝတို့သည် ဖျော်ဖြေကြသော အနုပညာရှင်များအား လက်ဆောင်ပန်းခြင်းများ ပေးအပ်ကြပြီး အနုပညာရှင်များနှင့်အတူ စုပေါင်း၍ အမှတ်တရဓာတ်ပုံ ရိုက်ကြသည်။

**(သတင်းစဉ်)**





### ခရီးစဉ်မှတ်တမ်း ပေးအပ်

နိုင်ငံတော် ဝန်ကြီးချုပ် ဦးသိန်းစိန် ဧည့်သည်တော် ထိုင်းနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ အဘီဆစ် ဝဲ့ချာချီဝအား ခရီးစဉ်မှတ်တမ်းအယ်လ်ဘမ်ကို ပေးအပ်စဉ်။ (သတင်းစဉ်)

### မှတ်တမ်းတင်ဓာတ်ပုံရိုက်

နိုင်ငံတော် ဝန်ကြီးချုပ် ဦးသိန်းစိန်၊ ထိုင်းနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ အဘီဆစ် ဝဲ့ချာချီဝနှင့် ဂုဏ်ပြုနေ့လယ်စာစားပွဲတွင် ဧည့်ခံဖျော်ဖြေတင်ဆက်ကြသည့် အနုပညာရှင်များ စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။

(သတင်းစဉ်)

## မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၁၂-၁၀-၂၀၁၀ (အင်္ဂါနေ့)

**နံနက်ပိုင်း**

- ၇:၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇:၁၅ ၂။ မြတ်ဂုဏ်တော်သခင် သန်းမြတ်စိုး (တေးရေး- မောင်မောင်လတ်)
- ၇:၂၅ ၃။ ကျန်းမာဖို့အတူကစားစို့
- ၇:၃၀ ၄။ နံနက်ခင်းသတင်း
- ၇:၄၀ ၅။ သံသာချိုအေးမင်္ဂလာတေး
- ၇:၅၅ ၆။ နှောင်းခေတ်တေးပဒေသာ
- ၈:၀၅ ၇။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
- ၈:၂၀ ၈။ အတီးပြိုင်ပွဲ
- ၈:၄၀ ၉။ International News
- ၈:၄၅ ၁၀။ တေးဂီတအစီအစဉ်
- ၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

**ညပိုင်း**

- ၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄:၁၀ ၂။ အကပြိုင်ပွဲ
- ၄:၂၅ ၃။ နိုင်ငံ့စီးပွားအလေးထားကျေးလက်ထုတ်ကုန်များ
- ၄:၃၅ ၄။ ကြေးမုံရိပ်သွင်တေးနုယဉ်
- ၄:၅၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ပထမနှစ် (သတ္တဗေဒအထူးပြု) (သတ္တဗေဒ)
- ၅:၀၅ ၆။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၅:၁၀ ၇။ **မြူတိမ်ကင်းသောနေ့**
- ၅:၂၅ ၈။ တေးဂီတအစီအစဉ်
- ၅:၄၀ ၉။ ရင်မှာစွဲထင်တေးအလှသံစဉ်
- ၆:၀၀ ၁၀။ ညနေခင်းသတင်း
- ၆:၁၅ ၁၁။ မိုးလေဝသအခြေအနေ
- ၆:၂၀ ၁၂။ **ကြယ်ပွင့်များရဲ့ရင်ခုန်သံ**
- ၆:၃၅ ၁၃။ ဆိုလိုက်ကြစို့
- ၇:၀၀ ၁၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **မဟာဆန်သူ...ကိုယ့်ချစ်သူ** (အပိုင်း-၂၅)
- ၈:၀၀ ၁၅။ ပြည်တွင်းသတင်း
- ၁၆။ နိုင်ငံရေးပါတီများ၏ဟောပြောချက်အစီအစဉ်
- ၁၇။ နိုင်ငံတကာသတင်းများ
- ၁၈။ မိုးလေဝသအခြေအနေ
- ၁၉။ ရယ်စရာဟာသများ
- ၂၀။ နိုင်ငံခြားဇာတ်လမ်းတွဲ **အဆိပ်သင့်တဲ့အချစ်** (ဒုတိယတွဲ) (အပိုင်း-၃၄)
- ၂၁။ **ရုပ်ရှင်ပဟေဠိ**
- ၂၂။ အစီအစဉ်ပြီး၏။

## နိုင်ငံခြားရေးဝန်ကြီး ဦးညဏ်ဝင်း စပိန်နိုင်ငံ အမျိုးသားနေ့သဝဏ်လွှာပေးပို့

နေပြည်တော် အောက်တိုဘာ ၁၂

၂၀၁၀ခုနှစ် အောက်တိုဘာ၁၂ရက်တွင် ကျရောက်သော စပိန်နိုင်ငံ၏ အမျိုးသားနေ့အခါသမယ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးညဏ်ဝင်းထံမှ စပိန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ မီဂဲလ် အင်ဂျဲလ် မိုရာတီနော့စ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

## သံအမတ်ကြီးဦးသန့်ကျော် ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ဘယ်လ်ဂျီယံနိုင်ငံ ဘုရင်မင်းမြတ်ထံပေးအပ်

နေပြည်တော် အောက်တိုဘာ ၁၂

ဘယ်လ်ဂျီယံနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးသန့်ကျော်သည် ၎င်း၏ ခန့်အပ်လွှာကို ၂၀၁၀ခုနှစ် စက်တင်ဘာ ၂၈ရက်တွင် ဘရပ်ဆဲလ်မြို့၌ ဘယ်လ်ဂျီယံနိုင်ငံ ဒုတိယမြောက် အဲလ်ဘတ် ဘုရင်မင်းမြတ်ထံ ပေးအပ်ခဲ့ပြီးဖြစ်သည်။ **(သတင်းစဉ်)**

**ရာနှုန်း ၈၀ မိုး**

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

**ထစ်ချုန်းမိုး**

ရန်ကုန်မြို့နှင့် အနီးတစ် ဝိုက်တွင် ယနေ့ မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်း ၈၀ဖြစ်သည်။

# ဆိုယုဇ်လွန်းပြန်ယာဉ် နိုင်ငံတကာ အာကာသယာဉ်စခန်းနှင့် ချိတ်ဆက်

## အာကာသဓာတ်ခွဲခန်းလုပ်ငန်းများ စတင်ဆောင်ရွက်

**မော်စကို အောက်တိုဘာ ၁၁**

ရုရှားအာကာသယာဉ်မှူးနှစ်ဦးနှင့် အမေရိကန်အာကာသယာဉ်မှူးတစ်ဦးတို့လိုက်ပါသွားသော ရုရှားမှဆိုယုဇ် အာကာသလွန်းပြန်ယာဉ်သည် နိုင်ငံတကာအာကာသယာဉ်စခန်းနှင့် အောက်တိုဘာ ၁၀ရက်တွင် အောင်မြင်စွာ ချိတ်ဆက်နိုင်ခဲ့ပြီဖြစ်ရာ လုပ်ငန်းများဆောင်ရွက်နေကြပြီဖြစ်ကြောင်း ရုရှားအာကာသသိပ္ပံဆိုင်ရာ တာဝန်ရှိသူများက ပြောကြားသည်။ **(အောက်ပုံ)**



၎င်းအာကာသယာဉ်မှူးသုံးဦးတို့သည် နိုင်ငံတကာ အာကာသယာဉ်စခန်းတွင်ရှိသော ဓာတ်ခွဲခန်း၌ ငါးလကြာမျှ အတူတကွတာဝန်ထမ်းဆောင်ကြမည်ဖြစ်သည်။ ယခုအခါ ၎င်းတို့သုံးဦးစလုံးသည် အာကာသဓာတ်ခွဲခန်းတွင် တာဝန်ထမ်းဆောင်နေကြပြီဖြစ်သည်။

### ခရီးဆက်ခဲ့

အာကာသယာဉ်မှူးသုံးဦးမှာ ရုရှားနိုင်ငံသား အာကာသယာဉ်မှူး အလက်ဇန္ဒြားကာလီရီနှင့် အိုလက်စကီပိုကာတို့ဖြစ်ပြီး အမေရိကန်အာကာသယာဉ်မှူးမှာ စကော့ကီလီဖြစ်သည်။ ၎င်းတို့သည် ကာဇက်စတန်တောင်ပိုင်း ဘိုင်ကိုနော့ဗ် အာကာသယာဉ်လွှတ်တင်ရေးစခန်းမှ အောက်တိုဘာ ၇ရက်တွင် ဆိုယုဇ်အာကာသလွန်းပြန်ယာဉ်ဖြင့် ခရီးစတင်ခဲ့ခြင်းဖြစ်သည်။

### သယ်ဆောင်မည်

လာမည့် နိုဝင်ဘာလတွင် ဒစ္စကာဗာရီအာကာသလွန်းပြန်ယာဉ်ကို နိုင်ငံတကာအာကာသယာဉ်စခန်းသို့ လွှတ်တင်ရန်စီစဉ်နေရာ ၎င်းအာကာသယာဉ်နှင့် အတူ စတိုခန်းတစ်ခန်းကိုလည်း သယ်ဆောင်သွားမည်ဖြစ်ကြောင်းသိရသည်။

**(အင်တာနက်)**



# လေယာဉ် ဖက်စပ်ထုတ်လုပ်ရေး ရုရှားနှင့်အိန္ဒိယ သဘောတူ

**မော်စကို အောက်တိုဘာ ၁၁**

ရုရှားနှင့် အိန္ဒိယတို့က သယ်ယူပို့ဆောင်ရေးလေယာဉ် ထုတ်လုပ်ရေး ဖက်စပ်လုပ်ငန်းထူထောင်ရန် သဘောတူညီလိုက်ကြပြီဖြစ်ကြောင်း ရုရှားမီဒီယာများက အောက်တိုဘာ ၁၁ရက်တွင် ရေးသားဖော်ပြသည်။ **(အပေါ်ပုံ)**

### သဘောတူ

စက်တင်ဘာလအတွင်း ကျင်းပသည့် အလုပ်ရုံဆွေးနွေးပွဲများအတွင်းတွင် ယင်းဖက်စပ်လုပ်ငန်းနှင့် ပတ်သက်၍ အစုရှယ်ယာထည့်ဝင်ရေး သဘောတူစာချုပ်တစ်ခုကို လက်မှတ်ရေးထိုးသည်ဟု ရုရှားကာကွယ်ရေးဝန်ကြီးဌာန ပြန်ကြားရေးအရာရှိ ကိုဗာချပ်က ပြောကြားသည်။

အိန္ဒိယပိုင် တီ-၇၂ တင့်ကားများ၊ အခြားတိုက်ခိုက်ရေးယာဉ်များ၊ ကြည်းတပ်စစ်သည်တင်ယာဉ်များနှင့် အမ်အိုင်-၁၇ ရဟတ်ယာဉ်များ ခေတ်မီတိုးတက်ရေးအတွက် စေ့စပ်ဆွေးနွေးပွဲများ ဆက်လက်ပြုလုပ်ရန်လည်း နှစ်နိုင်ငံသဘောတူညီမှုများ ရကြောင်း မီဒီယာများက ဖော်ပြသည်။

**အမ်အင်န်အေ၊ဆင်ဟွာ**

# နိုင်ငံကူးလက်မှတ်ပျောက်ဆုံးသည့် အိန္ဒိယအမျိုးသမီး အိုမန်နိုင်ငံ မူစကတ်လေဆိပ်၌ သေဆုံး

**မူစကတ် အောက်တိုဘာ ၁၁**

နိုင်ငံကူးလက်မှတ်ပျောက်ဆုံးသွားသော အိန္ဒိယအမျိုးသမီးတစ်ဦးသည် အိုမန်နိုင်ငံ မူစကတ်လေဆိပ်၌ အပြင်းဖျားပြီး သေဆုံးသွားခဲ့ကြောင်း အိုမန်နိုင်ငံရှိ အိန္ဒိယသံရုံး အရာရှိများက အောက်တိုဘာ ၁၀ ရက်တွင် ပြောကြားသည်။

၎င်းအမျိုးသမီးသည် အိုမန်နိုင်ငံ ဒိုဟာမြို့တွင် အလုပ်လုပ်ကိုင်သူဖြစ်ပြီး နေရပ်ဖြစ်သော အိန္ဒိယနိုင်ငံတောင်ပိုင်း ကီရာလာပြည်နယ် သီဂူဗာနန်သာပူရမ်မြို့သို့ ပြန်ရန်ကြိုးစားနေစဉ် နိုင်ငံကူးလက်မှတ်ပျောက်ဆုံးပြီး မူစကတ်မြို့လေဆိပ်၌ လေးရက်ကြာ သောင်တင်နေခဲ့ပြီးနောက် အပြင်းဖျားကာ သေဆုံးခဲ့ခြင်းဖြစ်သည်။

နာမကျန်းဖြစ်နေစဉ် လေဆိပ်တာဝန်ရှိသူများက မူစကတ်မြို့ရှိ ဆေးရုံသို့ တင်ပို့ပေးခဲ့ရာ လမ်း၌ပင် ၎င်းအမျိုးသမီး သေဆုံးသွားခဲ့ခြင်းဖြစ်သည်။ သူမ လေဆိပ်၌ အပြင်းဖျားနေစဉ် သံရုံးတာဝန်ရှိသူများထံ အကြောင်းကြားခဲ့သော်လည်း တစ်စုံတစ်ရာ အကြောင်းပြန်ခြင်းမရှိခဲ့ကြောင်း သိရသည်။ **(အင်တာနက်)**

# ယာဉ်အန္တရာယ်ကင်းဝေးစေမည့် မော်တော်ယာဉ်

ဝါရှင်တန် အောက်တိုဘာ ၁၁

**အိုင်တီနည်းပညာများအသုံးပြုတပ်ဆင်ထားသည့် ဘေးအန္တရာယ်အကင်းဆုံး မော်တော်ယာဉ်အမျိုးအစားသစ်ကို ဂူဂဲလ်အင်ဂျင်နီယာများက တီထွင်ထုတ်လုပ်လိုက်သည်။ ယခုအခါ ထိုယာဉ်များကို ကယ်လီဖိုးနီးယားပြည်နယ် မော်တော်ကားလမ်းများပေါ်တွင် စမ်းသပ်မောင်းနှင်နေပြီဖြစ်ကြောင်း အောက်တိုဘာ ၁၀ ရက်က သတင်းထုတ်ပြန်သည်။**



၎င်းမော်တော်ယာဉ်အမိုးပေါ်၌ (အပေါ်ပုံ)ဗီဒီယိုကင်မရာ၊ အာရုံခံကိရိယာပါရှိသည့် ရေဒါ၊ အခြားကားနှင့် အကွာအဝေးကိုဖော်ပြနိုင်သည့် ကိရိယာများ တပ်ဆင်ထားသည်ဟု မော်တော်ယာဉ်ထုတ်လုပ်ရာတွင် ပါဝင်သော ဆော့ဖ်ဝဲလ်အင်ဂျင်နီယာ ဆီဘတ်စတင်းက ပြောကြားသည်။

မော်တော်ယာဉ်မောင်းနှင်သူသည် ယာဉ်မတော်တဆဖြစ်မှု၊ ယာဉ်ကြောပိတ်ဆို့မှုများကို ရှောင်ကွင်းနိုင်ပြီး ကြိုတင် သတိပေးမှုစနစ်များကြောင့် ဘေးအန္တရာယ်ကင်းရှင်းစေမည်ဖြစ်ကြောင်း သိရသည်။ မော်တော်ယာဉ်မတော်တဆဖြစ်မှုကြောင့် လမ်းများပေါ်တွင် သေဆုံးကြရသည့် ပြည်သူများမှာ နှစ်စဉ် ၁ ဒသမ ၂ သန်းကျော်ရှိကြောင်း၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့က သတင်းထုတ်ပြန်ထားရာ ယခုနည်းပညာသုံးမော်တော်ယာဉ်များကြောင့် ယာဉ်မတော်တဆဖြစ်မှုများ လျော့နည်းကျဆင်းစေမည်ဖြစ်ကြောင်း သိရသည်။ (အင်တာနက်)

# အိုဘားမား အကြံပေးပုဂ္ဂိုလ် နုတ်ထွက်

**ဝါရှင်တန် အောက်တိုဘာ ၁၁**

အမေရိကန်သမ္မတ အိုဘားမား၏ အမျိုးသားလုံခြုံရေး ထိပ်တန်း အကြံပေးအရာရှိ ဂျာမက်စ်ဂျုန်းစ်သည် အောက်တိုဘာ ၉ရက်က နုတ်ထွက်သွားကြောင်း အိမ်ဖြူက သတင်းထုတ်ပြန်လိုက်ပြီး ၎င်း၏နေရာတွင် တွမ်ဒိုနီလွန်အား အစားထိုးခန့်အပ်တာဝန်ပေးလိုက်ပြီဟု အောက်တိုဘာ ၁၁ရက်တွင် ပြောကြားသည်။

ဂျာမက်စ်ဂျုန်းစ်သည် အသက် ၆၆နှစ်အရွယ်ရှိပြီး အငြိမ်းစားရေတပ် ဗိုလ်ချုပ်ကြီးတစ်ဦးဖြစ်သည်။ အိုဘားမားနှင့်အတူ နှစ်နှစ်ကြာမျှ အမျိုးသား လုံခြုံရေးဆိုင်ရာကိစ္စများကို လက်တွဲဆောင်ရွက်ခဲ့သူဖြစ်ပြီး ၎င်းနုတ်ထွက်သည့် အကြောင်းအရင်းကို ဖော်ပြခြင်းမရှိချေ။

အိမ်ဖြူ၏ ထိပ်တန်း အကြံပေးပုဂ္ဂိုလ်များအနက် စီးပွားရေးနှင့် နိုင်ငံရေးဆိုင်ရာ ထိပ်တန်းအကြံပေး ပုဂ္ဂိုလ်တစ်ဦးဖြစ်သည့် လာရီဆမ်မာလည်း အလုပ်မှ နုတ်ထွက်ဖွယ်ရှိကြောင်း သတင်းထွက်ပေါ်လျက်ရှိသည်။ **(အင်တာနက်)**



# အာဖဂန်နယ်စပ်လမ်းကြောင်းဖွင့် တိုက်ခိုက်မှုများ ဆက်လက်ဖြစ်ပွား

**အစ္စလမ္မာဘတ် အောက်တိုဘာ ၁၁**

၁၁ရက်ကြာပိတ်ထားခဲ့သော ပါကစ္စတန်နှင့် အာဖဂန်နစ္စတန်နယ်စပ်လမ်းကြောင်းကို အောက်တိုဘာ ၁၀ရက်က ပြန်လည်ဖွင့်လှစ်ပေးခဲ့သော်လည်း မော်တော်ယာဉ်များ ဖြတ်သန်းခွင့်ကို အောက်တိုဘာ ၁၁ရက်၌ စတင်မောင်းနှင်ခွင့်ပြုခဲ့သည်ဟု ပါကစ္စတန် တာဝန်ရှိသူများက ပြောကြားသည်။ တစ်ချိန်တည်းမှာပင် တိုက်ခိုက်မှုများ ဖြစ်ပွားလျက်ရှိသည်။ **(အပေါ်ပုံ)**

### ဒဏ်ရာရရှိ

နယ်စပ်လမ်းကြောင်းပိတ်ထားသည့် ရက်များအတွင်း ထရပ်ကားအစီးရေများစွာ တိုက်ခိုက်ဖျက်ဆီးခြင်းခံရပြီး ယာဉ်မောင်းများလည်း ဒဏ်ရာရရှိခဲ့သည်။ အာဖဂန်နစ္စတန်နိုင်ငံသို့ ဝင်ရောက်ရန် ထရပ်ကားရာနှင့်ချီကာ နယ်စပ်၌စောင့်ဆိုင်းရပ်ထားခဲ့ရသည်။

နယ်စပ်လမ်းကြောင်းကို စတင်ဖွင့်လှစ်သည့်နေ့တွင် အာဖဂန်တောင်ပိုင်း၌ ဗုံးပေါက်ကွဲမှုကြောင့် နေတိုးတပ်ဖွဲ့ဝင်နှစ်ဦးသေဆုံးခဲ့သလို နေတိုးတပ်ဖွဲ့ဝင်များ၏ တိုက်ခိုက်မှုကြောင့် တာလီဘန်တပ်မှူးနှစ်ဦး သေဆုံးခဲ့သည်။

**(အင်တာနက်)**

# အိန္ဒိယနိုင်ငံ ဂင်္ဂါမြစ်အတွင်း ကူးတို့ရေယာဉ်နစ်မြုပ်၊ ခရီးသည် ၃၀ထက်မနည်းသေဆုံး

နယူးဒေလီ အောက်တိုဘာ ၁၁

**အိန္ဒိယနိုင်ငံ ဘီဟာပြည်နယ် ဂင်္ဂါမြစ်အတွင်း မောင်းနှင်လာသော ကူးတို့ယာဉ်တစ်စင်းသည် ခရီးသည်များအဆမတန်တင်ဆောင်လာမှုကြောင့် အောက်တိုဘာ ၁၁ ရက်က တိမ်းမှောက်နစ်မြုပ်ခဲ့ရာ ခရီးသည် ၃၀ ထက်မနည်း သေဆုံးခဲ့ရသည်ဟု အိန္ဒိယရဲတပ်ဖွဲ့က ပြောကြားသည်။** (အောက်ပုံ)

၎င်းကူးတို့ရေယာဉ်သည် ခရီးသည် ၅၀သာ တင်ဆောင်ရန် သတ်မှတ်ထားသော်လည်း လူ၇၀ ကျော် တင်ဆောင်မောင်းနှင်လာမှုကြောင့် ဘီဟာပြည်နယ် ဘူဆာခရိုင် ဂင်္ဂါမြစ်အတွင်း နစ်မြုပ်ခဲ့ခြင်းဖြစ်သည်။ ပျောက်ဆုံးနေသူများကို ရှာဖွေလျက်ရှိပြီး ကယ်ဆယ်ရေးလုပ်ငန်းများလည်း အမြန်ဆောင်ရွက်ပေးနေသည်ဟု ရဲအရာရှိများကပြောသည်။

ထိုနေ့မှာပင် ဘီဟာပြည်နယ် အနီး ဥတရာပရာဒေ့ရှ်ပြည်နယ်တွင်လည်း ခရီးသည်များ အဆမတန်တင်ဆောင်လာသော ကူးတို့ရေယာဉ်တစ်စင်းနစ်မြုပ်ခဲ့ရာ ခရီးသည်များသေဆုံးခဲ့သည်။ ထို့အတူ ပြီးခဲ့သည့် ဇန်နဝါရီလကလည်း အနောက်ဘင်္ဂေါပြည်နယ် မြစ်တစ်မြစ်အတွင်း ခရီးသည်တင်ရေယာဉ်တစ်စင်း နစ်မြုပ်ခဲ့သဖြင့် ၁၉ ဦး သေဆုံးခဲ့ရသည်။

အိန္ဒိယနိုင်ငံတစ်ဝန်းရှိ မြစ်ကြောင်းများတွင် ခုတ်မောင်းပြေးဆွဲနေသော ကူးတို့ရေယာဉ်များသည် ခရီးသည် အဆမတန်ပိုမိုတင်ဆောင်မှုများကြောင့် မကြာခဏ ရေယာဉ်နစ်မြုပ်မှုများ ဖြစ်ပေါ်လျက်ရှိရာ သတိပေးတားမြစ်ချက်များ ထုတ်ပြန်ထားသော်လည်း လိုက်နာမှုအားနည်းကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

**(အင်တာနက်)**



12-10 (10).pmd 1 10/12/2010, 2:18 AM





# ယင်းတော်ကန်နှင့် နတ်ကာရေလှောင်တမံ

## ဝန်ကြီး ဦးဌေးဦး ကြည့်ရှုစစ်ဆေး

နေပြည်တော် အောက်တိုဘာ ၁၁

**လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဦးဌေးဦးသည် အောက်တိုဘာ ၅ရက် မွန်းလွဲပိုင်းက မန္တလေးတိုင်းဒေသကြီး ရမည်းသင်းခရိုင် ပျော်ဘွယ်မြို့နယ် ယင်းတော်ကျေးရွာအနီးရှိ ရေပိုမိုသိုလှောင်နိုင်ရန် ပြန်လည်ပြုပြင်ပြီးသော ယင်းတော်ကန်သို့ရောက်ရှိရာ ပြုပြင်ပြီးသော ကန်ပေါင်များ၊ ရေထိန်းမျှော်စင်၊ ရေထုတ်ပြွန်၊ ရေပေးမြောင်းနှင့် ကန်အတွင်းသို့ ရေစီးဝင်မှုတို့ကို လှည့်လည် ကြည့်ရှုစစ်ဆေးသည်။**

ပြုပြင်ပြီးသော ယင်းတော်ကန်မှာ ရေ ၃၆၆၄ ဧကပေ သိုလှောင်နိုင်မည်ဖြစ်ပြီး မိုးရွာသွန်းမှုကြောင့် အောက်တိုဘာ ၅ရက်အထိ ကန်အတွင်း ရေ ၂၂၁၅ဧကပေကို သိုလှောင်နိုင်ပြီးဖြစ်ရာ ယခုစိုက်ပျိုးထားသော စပါးဧက ၆၀၀ကျော်အပြင် အကျိုးပြုဧက ၂၄၃၀ကို စိုက်ပျိုးရေလုံလောက်စွာ ပေးဝေနိုင်မည်ဖြစ်သည်။

ထို့နောက် ဝန်ကြီးသည် ညနေပိုင်းတွင် ပျော်ဘွယ်မြို့နယ် မဲဒီးကျေးရွာအနီး နတ်ကာချောင်းပေါ်၌ တည်ဆောက်လျက်ရှိသော နတ်ကာရေလှောင်တမံသို့ ရောက်ရှိစစ်ဆေးသည်။ **(အပေါ်ပုံ)**

### စိုက်ပျိုးရေပေးဝေနိုင်မည်

နတ်ကာရေလှောင်တမံသည်ပျော်ဘွယ်မြို့နယ် မဲဒီးကျေးရွာအနီး နတ်ကာချောင်းပေါ်တွင် တမံအလျားပေ၃၂၀၀၊ ကုန်းကြောတမံပေ ၅၆၀နှင့် တမံအမြင့် ၈၅ ပေရှိသော မြေသားတမံအမျိုးအစား ဖြစ်သည်။ ရေသိုလှောင်နိုင်မှု ပမာဏမှာ တမံနှင့် ယင်းတော်ကန်အကြားရှိ စိုက်ပျိုးမြေဧက ၁၂၀၀ အကျိုးပြုမည်ဖြစ်သည့်အပြင် ပိုလျှံရေများကို ယင်းတော်ကန်အတွင်းသို့ ရေကူပေးပြီး စိုက်ပျိုးမြေ ရေသောက်ဧရိယာ ၂၄၃၉ ဧက အပြည့်အဝစိုက်ပျိုးရေ ပေးဝေနိုင်မည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

# ပလက်ဝမြို့နယ် ပြည်သူ့ဆေးရုံ တိုင်းမှူး ဗိုလ်မှူးချုပ်စိုးသိန်း ကြည့်ရှုစစ်ဆေး

## လူနာနှင့်ဝန်ထမ်းများအား ထောက်ပံ့ငွေပေးအပ်

နေပြည်တော် အောက်တိုဘာ ၁၁

ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးသိန်းသည် အောက်တိုဘာ ၁ရက်က ပလက်ဝတပ်နယ် နယ်မြေခံတပ်ရင်းခန်းမ၌ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များနှင့် တွေ့ဆုံပြီး စစ်သည်မိသားစုများအတွက် စားသောက်ဖွယ်ရာများနှင့် ကျောင်းသားကျောင်းသူများအတွက် ကျောင်းသုံးဗလာစာအုပ်များပေးအပ်ကာ အရာရှိ၊ စစ်သည်နှင့် မိသားစုဝင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

### ပေးအပ်ကန်တော့

ထို့နောက် နယ်မြေခံတပ်ရင်းအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ပလက်ဝမြို့ မြို့နယ်ခန်းမ၌ကျင်းပသော အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ အခမ်းအနားသို့တက်ရောက်၍ သက်ကြီးရွယ်အို အဘိုး အဘွားများအား ထောက်ပံ့ငွေများနှင့် လှူဖွယ်ပစ္စည်းများ ပေးအပ်ကန်တော့သည်။

### ထောက်ပံ့ချီးမြှင့်

ထိုမှတစ်ဆင့် ပလက်ဝမြို့ မြို့နယ်ပြည်သူ့ဆေးရုံသို့ သွားရောက် ကြည့်ရှုစစ်ဆေးပြီး ဆေးရုံ၌ ဆေးကုသမှုခံယူလျက်ရှိသော လူနာများနှင့် ဆေးရုံဝန်ထမ်းများအတွက် ထောက်ပံ့ချီးမြှင့်ငွေများပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကျောက်တန်း ဘိုးဘွားရိပ်သာသို့ ကျောက်တန်းမြို့အရှေ့ပိုင်း သမာဓိလမ်းနေ ဦးနေသူလင်း-ဒေါ်စုစုဟန်၊ သမီး မနဒီအောင်လင်း၊ မမေမြတ်ခြယ် မိသားစုက ငွေပဒေသာပင် ကျပ်တစ်သိန်းလှူဒါန်းရာ ဘိုးဘွားရိပ်သာ အတွင်းရေးမှူး ဦးစိန်တင်က လက်ခံပြီး ဂုဏ်ပြု မှတ်တမ်းလွှာ ပြန်လည်ပေးအပ်ချီးမြှင့်စဉ်။ (၁၁၅)

# အထူးအယူခံခုံရုံး နေပြည်တော်၌ ရုံးထိုင်ကြားနာ

နေပြည်တော် အောက်တိုဘာ ၁၁

တရားရုံးချုပ်(မန္တလေး)မှ ဒုတိယတရားသူကြီးချုပ် ဦးခင်မောင်လတ်၊ တရားရုံးချုပ်(မန္တလေး)မှ တရားရုံးချုပ် တရားသူကြီးများဖြစ်ကြသော ဦးမြင့်အောင်နှင့် ဦးကျော်ဝင်းတို့ ပါဝင်သောအထူးအယူခံခုံရုံးသည် အောက်တိုဘာ ၈ရက် နံနက် ၁၀နာရီက တရားရုံးချုပ်(နေပြည်တော်)၌ ရုံးထိုင်၍ တရားမအထူးအယူခံမှု ငါးမှုကို စီရင်ချက်ချမှတ်ခဲ့သည်။ ထို့အပြင် ၂၀၀၀ပြည့်နှစ် တရားစီရင်ရေး ဥပဒေပုဒ်မ(၇)အရ တင်သွင်းသည့် တရားမအထူးအယူခံမှု ငါးမှုကိုကြားနာကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)





# ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းသင်တန်း ကျိုက်လတ်မြို့နယ်၌ ဖွင့်လှစ်

ကျိုက်လတ် အောက်တိုဘာ ၁၁

ဖျာပုံခရိုင် ကျိုက်လတ်မြို့နယ် မြို့နယ်ကော်မရှင်အဖွဲ့ခွဲက ကြီးမှူးကျင်းပသော မဲရုံမှူး၊ ဒုတိယမဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များ၏ ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းသင်တန်းဖွင့်ပွဲကို စက်တင်ဘာ ၃၀ရက် နံနက်၉နာရီက ကျိုက်လတ်မြို့နယ် ရွှေရောင်ခန်းမ၌ကျင်းပရာ အခမ်းအနားတွင် မြို့နယ်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးသူရက အမှာစကား ပြောကြားသည်။ **(အပေါ်ပုံ)**

### လက်တွေ့သရုပ်ပြ

ထို့နောက် မြို့နယ်ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များက မဲရုံမှူး၊ ဒုတိယမဲရုံမှူး၊ မဲစာရင်းစစ်ဆေးသူ၊ ဆန္ဒမဲလက်မှတ်ထုတ်ပေးသူနှင့် မဲရုံလုံခြုံရေး ဆောင်ရွက်သူများ၏ လုပ်ငန်းတာဝန်များ၊ ရွေးကောက်ပွဲနှင့်သက်ဆိုင်သည့် ဥပဒေ၊ နည်းဥပဒေများ ရှင်းလင်းပို့ချ၍ မဲရုံတည်ဆောက်ပုံနှင့် မဲပေးပုံနည်းစနစ်ကို လက်တွေ့သရုပ်ပြ လေ့ကျင့်မှုများ ပြုလုပ် ပြသကြသည်။ အဆိုပါသင်တန်းသို့ ကျိုက်လတ်မြို့နယ် မြို့ပေါ်ရပ်ကွက် ခြောက်ရပ်ကွက်နှင့် ကျေးရွာအုပ်စု ၈၇အုပ်စုမှ ရပ်ကွက်၊ ကျေးရွာကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများ၊ မဲရုံမှူးနှင့် ဒုတိယမဲရုံမှူး၊ မဲစာရင်းစစ်ဆေးသူနှင့် ဆန္ဒမဲလက်မှတ်ထုတ်ပေးသူများ တက်ရောက်ခဲ့ကြသည်။ **(မြို့နယ်ကော်မရှင်အဖွဲ့ခွဲ)**



# ပေါင်မြို့နယ်၌ ကွန်ပျူတာ လှူဒါန်း

ပေါင် အောက်တိုဘာ ၁၁

မွန်ပြည်နယ် ပေါင်မြို့နယ် ကော့ကရင်ကျေးရွာတွင် အလှူရှင်ဦးအေးမောင်မိသားစုက ကွန်ပျူတာများ ပေးအပ်လှူဒါန်းပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲအခမ်းအနားကို စက်တင်ဘာ ၁၂ရက် နံနက်က ကော့ကရင်ကျေးရွာအခြေခံပညာအထက်တန်းကျောင်းခွဲ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

### ပေးအပ်လှူဒါန်း

အခမ်းအနားတွင် အလှူရှင် ဦးအေးမောင်က ကွန်ပျူတာများ ပေးအပ်လှူဒါန်းရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ကျောင်းအုပ်ဆရာကြီးထံ ငွေကျပ် ၁၈သိန်းတန်ဖိုးရှိ ကွန်ပျူတာများကိုပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ ၂၀၀၉-၂၀၁၀ ပညာသင်နှစ်တွင် တက္ကသိုလ်ဝင်စာမေးပွဲ၌ ဆုရရှိကြသော ကျောင်းသားကျောင်းသူများအား တာဝန်ရှိသူများက ဆုများ ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

# ကမ္ဘာ့ဆရာများနေ့ ညောင်တုန်းမြို့နယ်၌ ကျင်းပ

ညောင်တုန်း အောက်တိုဘာ ၁၁

ညောင်တုန်းမြို့နယ် ကမ္ဘာ့ဆရာများနေ့အခမ်းအနားကို ညောင်တုန်းမြို့ အထက(၁) လှိုင်ပညာခန်းမ၌ အောက်တိုဘာ ၅ရက်နံနက် ၉နာရီက ကျင်းပသည်။

### တက်ရောက်

အခမ်းအနားသို့ ညောင်တုန်းမြို့နယ်အတွင်းရှိ အသက်(၇၅)နှစ်အထက် ဆရာ ဆရာမကြီးများ တက်ရောက်ကြပြီး အခမ်းအနားတွင် မြို့နယ်ပညာရေးမှူး ဒေါ်စန်းဌေးက ကမ္ဘာ့ဆရာများနေ့ကျင်းပရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

### ပူဇော်ကန်တော့

ထို့နောက် သက်ကြီးဆရာ ဆရာမ ၄၁ဦးတို့အား ပညာရေးမိသားစုများက လှူဖွယ်ပစ္စည်းများဖြင့် ပူဇော်ကန်တော့ခဲ့ကြသည်။

### ပေးအပ်ချီးမြှင့်

ဆက်လက်၍ မြို့နယ်ပညာရေးမှူး ဒေါ်စန်းဌေးနှင့် တာဝန်ရှိသူများက ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲတွင် ပထမဆုရ မောင်ဖုန်းဝေသွင် အထက(၁) **(အပေါ်ယာပုံ)**နှင့် ပြိုင်ပွဲတွင် ဆုရရှိသူများအား ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **(၁၅၂)**





# သွေးလွန်တုပ်ကွေးကာကွယ်ရေး အလုံမြို့နယ်၌ ဆောင်ရွက်

ရန်ကုန် အောက်တိုဘာ ၁၁

ရန်ကုန်အနောက်ပိုင်းခရိုင် အလုံမြို့နယ် ဆင်မင်းရပ်ကွက် စက်တွင်းလမ်းအတွင်း ရေစီးရေလာကောင်းမွန်ရေးနှင့် သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းခြင်းအတွက် ရေမြောင်းများတူးဖော်ခြင်း၊ ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ခြင်ဆေးများမှုတ်ခြင်း၊ ခြင်ထောင် ဆေးစိမ်ခြင်းနှင့် ရေစည်၊ ရေအိုးများအတွင်း အဘိတ်ဆေးခတ်ခြင်းလုပ်ငန်းများကို အောက်တိုဘာ ၂ရက်က ပြုလုပ်ရာ **(အပေါ်ပုံ)** အလုံမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူးနှင့်အဖွဲ့၊ မြို့နယ် စည်ပင်သာယာအုပ်ချုပ်ရေးမှူးနှင့်အဖွဲ့၊ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် အမျိုးသမီးရေးရာအဖွဲ့တို့မှ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ကြက်ခြေနီနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ စုပေါင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

# ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းထိန်းသိမ်းရေးဆိုင်ရာ ဟောပြောပွဲ မော်လမြိုင်၌ ကျင်းပ

မော်လမြိုင် အောက်တိုဘာ ၁၀

**မွန်ပြည်နယ် မော်လမြိုင်မြို့နယ် ယာဉ်ထိန်းတပ်ဖွဲ့က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ ဟောပြောပွဲအခမ်းအနားကို စက်တင်ဘာ ၁၅ ရက်က မောင်ငံရပ်ရှိ အမှတ်(၇) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။**

အခမ်းအနားတွင် ကျောင်းအုပ် ဆရာကြီး ဒေါက်တာချစ်ကိုကိုက အမှာစကား ပြောကြားပြီး မြို့နယ်ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းထိန်းသိမ်းရေးကော်မတီဝင်(ယာဉ်ထိန်း)ရဲအုပ်လှထွန်းက ၂၀၀၉နှင့် ၂၀၁၀ ခုနှစ် ဇူလိုင်လကုန်အထိ ယာဉ်မတော်တဆ ဖြစ်ပွားမှုများနှိုင်းယှဉ်ဖော်ပြလျက် သေဆုံးသူ၊ ဒဏ်ရာရသူအခြေအနေများကို အသေးစိတ် ရှင်းလင်းပြောကြားပြီး ယာဉ်အန္တရာယ်၊လမ်းအန္တရာယ်ကင်းရှင်းရေး၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း လိုက်နာစေရေးအကြောင်း ဟောပြောပို့ချသည်။ **(အပေါ်ယာပုံ)**

ထို့နောက် ဒုတိယရဲအုပ် အောင်နိုင်က စက်ဘီးစီးသူများနှင့် ခြေကျင်လျှောက်သူများ လိုက်နာရမည့် စည်းကမ်းချက်များကို လည်းကောင်း၊ ဒုတိယရဲအုပ်အောင်အောင်နိုင်က ဆိုင်ကယ်စီးသူများ လိုက်နာရမည့် စည်းကမ်းချက်များနှင့် လမ်းဆုံလမ်းခွများ၌ ယာဉ်ထိန်း လက်အချက်ပြစနစ်များကိုလည်းကောင်း ရှင်းလင်းဟောပြောခဲ့သည်။

**လက်ကမ်းစာစောင်**

ဆက်လက်၍ မြို့နယ်ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီဝင်(ယာဉ်ထိန်း)ရဲအုပ်လှထွန်းက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဓာတ်လမ်းခွေနှင့် လက်ကမ်းစာစောင်များကို ကျောင်းအုပ်ဆရာမကြီးထံ ပေးအပ်ခဲ့ကြောင်း သိရသည်။ **(ဝ၁၄)**





# ငါးသယံဇာတ ထိန်းသိမ်းရေး ရွှံ့ကဏန်း ဘေးမဲ့လွှတ်မျိုးစိုက်ထည့်

**သံတွဲ အောက်တိုဘာ ၇**

သံတွဲခရိုင် ငါးလုပ်ငန်းဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် ငါးသယံဇာတများစဉ်ဆက်မပြတ် ရေရှည်တည်တံ့နိုင်ရေးအတွက် ဒီရေတောရွှံ့ကဏန်းများဘေးမဲ့ပေး မျိုးစိုက်ထည့်ခြင်း အခမ်းအနားကို စက်တင်ဘာ ၁၈ရက် နံနက် ၈နာရီခွဲက သံတွဲမြို့နယ် ခမောင်းတုန်းကျေးရွာအနီး ကဏန်းဘေးမဲ့ဇုန်အဖြစ် သတ်မှတ်လျာထားသည့် ဒီရေတော မဏ္ဍပ်၌ကျင်းပသည်။

**ဘေးမဲ့လွှတ်**

အခမ်းအနားတွင် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးခင်မောင်ကျော်က အမှာစကားပြောကြားပြီး ခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးသံချောင်းက ဘေးမဲ့လွှတ်မျိုးစိုက်ထည့်ရခြင်း အကြောင်းကို ရှင်းလင်းဆွေးနွေးသည်။

**မျိုးစိုက်ထည့်**

ဆက်လက်၍ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်ကျော်၊ မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးမြတ်ကျော်နှင့် ခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးသံချောင်းတို့က အဖွဲ့အစည်း အသီးသီးသို့ ဒီရေတော ရွှံ့ကဏန်းများကို လွှဲပြောင်းပေးအပ်ပြီး ခမောင်းတုန်းချောင်းနှင့်ဒီရေတော အတွင်းသို့ ဒီရေတောရွှံ့ကဏန်းကောင်ရေ ၃၅၀၀၀ကို ဘေးမဲ့လွှတ် မျိုးစိုက်ထည့်ပေးကြသည်။ **(အောက်ပုံ) (ခရိုင် ပြန်/ဆက်)**

# ကွန်ပျူတာနည်းပညာဆိုင်ရာ သင်တန်းများဖွင့်မည်

ရန်ကုန် အောက်တိုဘာ ၁၁

**Microsoft ကုမ္ပဏီမှ နောက်ဆုံးထွက်ရှိသော Net နည်းပညာအခြေပြု Programming သင်တန်းများကို Gusto ကွန်ပျူတာနည်းပညာသင်တန်းကျောင်းမှ နိုင်ငံတကာ Software Development အတွေ့အကြုံရှိဆရာများက သင်ကြားပေးမည်ဖြစ်သည်။**

Gusto နည်းပညာသင်တန်းကျောင်းက Microsoft .Net နည်းပညာများကို Level နှစ်ဆင့်ခွဲ၍ သင်ကြားပေးလျက်ရှိပြီး Level-1 ဖြစ်သော ".Net Farmeworkwith OOP"သင်တန်းတွင် Web Application ကို ရေးသည်ဖြစ်စေ၊Win-dowApplication ကို ရေးသည်ဖြစ်စေ၊ Mobile Application ကို ရေးသည်ဖြစ်စေ၊ အခြေခံသိသင့်သိထိုက်သော Core Techniques များနှင့် Concepts များကို လေ့လာရမည်ဖြစ်ကာ သင်တန်းသားများ၏ Programming နှင့် စပ်လျဉ်းသော အတွေးအခေါ်၊ အယူအဆများ မြင့်မားတိုးတက်လာစေရန် လေ့ကျင့်ပေးမှုများလည်း ပါဝင်မည်ဖြစ်သည်။

**သင်ကြားပေးမည်**

အဆင့်မြင့် Level -2 အတန်းဖြစ်သော " ASP.Net 3.5 with AJAX" သင်တန်းတွင် Database နှင့် ချိတ်ဆက်၍ Internet ပေါ်တွင် အသုံးပြုနိုင်သော Dynamic Web Application တစ်ခုကို တည်ဆောက်နိုင်စေရန်အတွက် သင်ကြားပေးမည်ဖြစ်သည်။

**ဖွင့်လှစ်**

ထို့အပြင် စီးပွားရေးအဖွဲ့အစည်းများ၏ သတင်းအချက်အလက် လိုအပ်ချက်ပေါ်မူတည်၍ စနစ်ကျသော Database Design တစ်ခု တည်ဆောက်နိုင်ရန်နှင့် ယင်းကို ကောင်းမွန်စွာ အကောင်အထည်ဖော်နိုင်ရန် "Database Design and Development" သင်တန်းကိုလည်း ဖွင့်လှစ်ပေးမည်ဖြစ်သည်။

**ပြည်တွင်းပြည်ပ**

ဤသင်တန်းတွင် Database Desing တစ်ခု ထွက်ပေါ်လာစေရန်အတွက် လုပ်ဆောင်ရမည့် လုပ်ငန်းစဉ်အဆင့်ဆင့် ကို Project များပြုလုပ်၍ သင်ကြားပေးသွားမည်ဖြစ်ပြီး ထွက်ပေါ်လာသည့် Data-base Desing ကို ဆက်လက်အကောင်အထည်ဖော်ရမည့် နည်းစနစ်များကို ထပ်မံသင်ကြားပေးမည်ဖြစ်ကြောင်းနှင့် ယင်းသင်တန်းကို ပြည်တွင်းပြည်ပတွင် Soft-ware Developer ၊ Database De-veloper အဖြစ် လုပ်ကိုင်လိုသူများ တက်ရောက်သင့်ကြောင်း သိရသည်။

**ဆက်သွယ်နိုင်**

စိတ်ဝင်စားသူများအနေဖြင့် Gusto နည်းပညာသင်တန်းကျောင်း အမှတ် (၂၆)(၁၄)လမ်း (အောက်ဘလောက်)လမ်းမတော်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၂၂၄၄၉၆နှင့်ဝ၉-၈၆၂၈၈ဝ၆ တို့ကို ဆက်သွယ်နိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**



**ပဲခူးမြို့နေ ဦးအောင်ကြည်-ဒေါ်အေးသိန်း (ရွှေရည်ဦးစားသောက်ဆိုင်) မိသားစုက တွံတေးမြို့ မိဘဂုဏ်ဘိုးဘွားရိပ်သာ အာဟာရပဒေသာပင်အတွက် အလှူရှင်ကိုယ်စား ဘိုးဘွားရိပ်သာအမှုဆောင်အဖွဲ့က ငွေကျပ်တစ်သိန်းလှူဒါန်းရာ ဘိုးဘွားရိပ်သာ ဥက္ကဋ္ဌ ဦးထွန်းကြိုင် လက်ခံယူစဉ်။** (၁၀၅)



# အခြေခံပညာ အလယ်တန်းကျောင်း ကျောင်းဆောင်သစ် ကျောက်ကြီးမြို့နယ်၌ဖွင့်

**ကျောက်ကြီး အောက်တိုဘာ ၇**

ပဲခူးတိုင်းဒေသကြီးအရှေ့ပိုင်း တောင်ငူခရိုင် ကျောက်ကြီးမြို့နယ် သံဘိုကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း ကျောင်းဆောင်သစ်ဖွင့်ပွဲနှင့် အလှူရှင်များ ဂုဏ်ပြုပွဲ အခမ်းအနားကို ဩဂုတ် ၂၉ ရက်က သံဘိုကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း ကျောင်းဆောင်သစ်ရှေ့၌ ကျင်းပရာ ရှေးဦးစွာ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီး ကျော်ဆန်းလင်းက အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူး ဒေါ်အာရ်သီးဒေဝီက အောင်ချက်မြင့်မားရေးနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝိုင်းဝန်း ကြိုးပမ်းဆောင်ရွက်ရေး မှာကြားသည်။ ထို့နောက် သံဘိုကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်မာရီက ကျေးဇူးတင်စကားပြောကြားပြီး ကျောင်းဆောင်သစ်နှင့် သက်ဆိုင်သည့်စာရင်းဇယားများကို ကျောင်းအကျိုးတော်ဆောင် ဥက္ကဋ္ဌဦးစိန်ဝင်းက မြို့နယ်ပညာရေးမှူးဒေါ်အာရ်သီးဒေဝီထံသို့ ပေးအပ်သည်။

**ဖဲကြိုးဖြတ်ဖွင့်**

ထို့နောက် သံဘိုကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း ကျောင်းဆောင်သစ်ကို ဗိုလ်မှူးကြီးကျော်ဆန်းလင်း၊ သံဘိုကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီးနှင့် ကျောင်းအကျိုးတော်ဆောင်ဥက္ကဋ္ဌတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြောင်းသိရသည်။

**(မြို့နယ် ပြန်/ဆက်)**



**ဒေးဒရဲမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ကုန်းတန်းကလေး-သဲကုန်း-တညင်ကုန်း ကျေးလက်လမ်း ကျောက်ချောခင်းခြင်းလုပ်ငန်းကို အောက်တိုဘာ ၂ ရက်က အမှုဆောင်အရာရှိ ဦးအောင်ဇော်လင်း ကြီးကြပ်ဆောင်ရွက်ရာ အငယ်တန်းအင်ဂျင်နီယာ(၂) ဦးဖေဝင်းလူ ရှင်းလင်းတင်ပြစဉ်။**

(မြို့နယ် ပြန်/ဆက်)

# သစ်မွှေးစိုက်ပျိုး ထုတ်လုပ်ရေးဆိုင်းဘုတ် တာချီလိတ်တွင်ဖွင့်

**တာချီလိတ် အောက်တိုဘာ ၁၀**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့ရှိ တိုင်းရင်းသားများ စုပေါင်းတည်ထောင်ထားသော ထိုက်သူစံကုမ္ပဏီ၏ သစ်မွှေးစိုက်ပျိုးထုတ်လုပ်ရေး ဆိုင်းဘုတ်ဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၇ ရက် နံနက် ၁၀ နာရီက လွယ်တော်ခမ်းကျေးရွာအုပ်စု စန်းလုကျေးရွာအနီးရှိ အဆိုပါ သစ်မွှေးစိုက်ပျိုးရေးခြံ၌ ကျင်းပသည်။

အစီအစဉ်အရ မြို့နယ်ဥက္ကဋ္ဌ ဦးတင်ထူးမောင်၊ ကုမ္ပဏီဥက္ကဋ္ဌ ဦးစိုင်းစိုင်းနှင့် ခြံတာဝန်ခံ ဦးစိုင်းကျောက်တို့က ဆိုင်းဘုတ်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ထို့နောက် မြို့နယ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများသည် သစ်မွှေးပျိုးပင်များအား လှည့်လည်ကြည့်ရှုကြသည်။ **(ခရိုင် ပြန်/ဆက်)**

# ရေဦးမြို့နယ် မုတ်ဆိကျေးရွာ ရဲရင့်ပန်းတိုင်စာကြည့်တိုက် ပန္နက်တင်

**ရေဦး အောက်တိုဘာ ၈**

ရေဦးမြို့နယ် မုတ်ဆိကျေးရွာ၌ ရဲရင့်ပန်းတိုင်စာကြည့်တိုက် အဆောက်အအုံသစ် ပန္နက်တင် မင်္ဂလာအခမ်းအနားကို စက်တင်ဘာ ၁၁ရက် နံနက် ၇နာရီက အဆိုပါ စာကြည့်တိုက် အဆောက်အအုံမြေနေရာ၌ ကျင်းပသည်။

**ပန္နက်တင်**

ထို့နောက် မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးတိုးတိုးထွန်း၊ အတွင်းရေးမှူး ဦးသန်းဦးနှင့် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်အေးမြတ်စနိုး၊ ကျေးရွာဥက္ကဋ္ဌ ဦးမျိုးတင့်နှင့် အဖွဲ့ဝင်များ၊ စာကြည့်တိုက်ကော်မတီဝင်များက ပန္နက်တင်ပေးကြသည်။

**(မြို့နယ် ပြန်/ဆက်)**

**ကွမ်းဟိန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ပြည်ထောင်စုလမ်းမကြီး ဘေးဝဲယာ သန့်ရှင်းသာယာလှပရေးအတွက် မြက်ဖြတ်ခြင်းလုပ်ငန်းကို စက်တင်ဘာ ၈ရက်က ဆောင်ရွက်ရာ အမှုဆောင်အရာရှိ ဦးမျိုးဝင်းဇော် ကွင်းဆင်းကြီးကြပ် ဆောင်ရွက်စဉ်။**

(မြို့နယ်စည်ပင်)





**တောင်ငူမြို့နယ် စည်ပင်သာယာရေးအဖွဲ့က တာဝန်ယူဆောင်ရွက်ရသည့် မိုင်တိုင် (၀/၀) ထုံးဘိုကြီးမှ မိုင်တိုင် (၁၄/၀) မိုင်နဂျက်အတွင်း လမ်းဘေးဝဲယာ၌ ကုက္ကိုပင်များ စိုက်ပျိုးဆောင်ရွက်ခြင်းကို စက်တင်ဘာ ၁၅ ရက်က တာဝန်ခံအင်ဂျင်နီယာ ဦးတင်မောင်အေး ကြီးကြပ်ဆောင်ရွက်စဉ်။**

(မြို့နယ်စည်ပင်)



ဟိုမိန်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် ဟိုမိန်းဒေသဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့တို့ ပူးပေါင်းပြီး အောင်သပြေလမ်းနှင့် ဂေါက်ကွင်းလမ်းဆုံရှိ လမ်းလယ်ကျွန်း၌ မြေယာရှုခင်းအလှပြုပြင်ခြင်း ဆောင်ရွက်ထားရှိမှုကို စက်တင်ဘာ ၁၆ရက်က နယ်မြေခံတပ်နယ်မှ ဒုတိယဗိုလ်မှူးကြီးရဲနိုင်နှင့် တာဝန်ရှိသူများ စစ်ဆေးရာ တာဝန်ခံအင်ဂျင်နီယာ ဦးဇော်လင်းစိုး ရှင်းလင်းတင်ပြစဉ်။ (၁၈၉)

# ပြင်ဦးလွင်၌ မဲရုံမှူး၊ ဒုတိယမဲရုံမှူးများ မွမ်းမံသင်တန်းဖွင့်

ပြင်ဦးလွင် အောက်တိုဘာ ၁၀

ပြင်ဦးလွင်မြို့နယ်ကော်မရှင်အဖွဲ့ခွဲက ကြီးမှူး၍ မဲရုံမှူး၊ ဒုတိယမဲရုံမှူးများ မွမ်းမံသင်တန်းဖွင့်ပွဲနှင့် ဆန္ဒမဲပေးသရုပ်ပြအခမ်းအနားကို အောက်တိုဘာ ၁ ရက် နံနက် ၉ နာရီက ပြင်ဦးလွင်မြို့ မြေတိုင်းကျောင်းခန်းမ၌ကျင်းပရာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်မြင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအေးလွင်နှင့် အဖွဲ့ဝင်များ၊ ခရိုင်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးတင်မောင်ဦးနှင့် အဖွဲ့ခွဲဝင်များ၊ မြို့နယ်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးမျိုးမြင့်၊ မြို့နယ်ကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူး ဦးမိုးကျော်အောင်နှင့် အဖွဲ့ခွဲဝင်များ၊ ပြင်ဦးလွင်မြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲဝင်ဥက္ကဋ္ဌများနှင့် အတွင်းရေးမှူးများ၊ မဲရုံမှူး၊ ဒုတိယမဲရုံမှူးများ၊ မဲရုံအဖွဲ့ဝင်များနှင့် မဲဆန္ဒရှင်ပြည်သူများ တက်ရောက်ကြသည်။

**ဖြည့်စွက်ရှင်းလင်း**

ရှေးဦးစွာ မြို့နယ်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးမျိုးမြင့်က အမှာစကားပြောကြားပြီး မဲရုံမှူး၊ ဒုတိယမဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များ၊ မဲစာရင်းစစ်ဆေးသူ၊ မဲလက်မှတ် ထုတ်ပေးသူ၊ မဲရုံလုံခြုံရေးဆောင်ရွက်သူများ၏ လုပ်ငန်းတာဝန်များနှင့် ဆန္ဒမဲပေးပုံ အဆင့်ဆင့်ကို လက်တွေ့သရုပ်ပြသကြသည်။ ထို့နောက် ခရိုင်ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးတင်မောင်ဦးက လိုအပ်သည်များ ဖြည့်စွက်ရှင်းလင်းကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**



ရက်တိုယာဉ်မောင်းမွမ်းမံသင်တန်း အမှတ်စဉ်(၇/၁၀) ဖွင့်ပွဲကို စက်တင်ဘာ ၂၅ ရက်က ပြင်ဦးလွင်မြို့ ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ခရိုင်ရုံး၌ ကျင်းပရာ ခရိုင်ဦးစီးမှူး ဦးစိုးမိုးပိုင်က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများကို ပရိုဂျက်တာဖြင့် ဟောပြောပို့ချစဉ်။ (ခရိုင် ကညန)

# အိမ်တိုင်ရာရောက် ကျန်းမာရေးစောင့်ရှောက်မှု မရမ်းကုန်းမြို့နယ်၌ ဆောင်ရွက်

ရန်ကုန် အောက်တိုဘာ ၁၁

မရမ်းကုန်းမြို့နယ် ကျန်းမာရေးကြီးကြပ်မှုကော်မတီ၏ ကြီးကြပ်မှုဖြင့် မရမ်းကုန်းမြို့နယ်အတွင်းရှိ နာတာရှည်ဝေဒနာရှင်များအား ပြည်သူလူထုအခြေပြု အိမ်တိုင်ရာရောက် ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းကို အောက်တိုဘာ ၈ရက် နံနက် ၉နာရီက မရမ်းကုန်းမြို့နယ် လူမှုဝန်ထမ်း အတတ်သင်သိပ္ပံကျောင်း အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်ကျန်းမာရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင့်လွင်က အမှာစကားပြောကြားသည်။

**ဟောပြော**

အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာန ဒုတိယတိုင်းကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာယဉ်သန္တာလွင်၊ ကျန်းမာရေးဦးစီးဌာန ဗဟိုခုခံကျ/ ကာလသားရောဂါတိုက်ဖျက်ရေးမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာ ဦးမြင့်ရွှေ၊ ရန်ကုန်တိုင်းဒေသကြီး တီဘီရောဂါဆရာဝန်ကြီး ဒေါက်တာ တင်မိမိခိုင်၊ ရန်ကုန်တိုင်းဒေသကြီး အနာကြီးရောဂါတိုက်ဖျက်ရေးဆရာဝန်ကြီး ဒေါက်တာ သန်းဝင်းတို့က ကဏ္ဍအလိုက် ဆွေးနွေးဟောပြောကြသည်။

**ထောက်ပံ့ပေး**

ထို့နောက် အဆိုပါအဖွဲ့သည် ရပ်ကွက်အတွင်းရှိ နာတာရှည်ဝေဒနာရှင် ၂၀ကို အိမ်တိုင်ရာရောက် ကျန်းမာရေးစစ်ဆေးပြီး ဆေးဝါးများ၊ အာဟာရပစ္စည်းများနှင့် ထောက်ပံ့ငွေများကို နာတာရှည် ဝေဒနာရှင်များ လက်ဝယ်သို့ အိမ်တိုင် ရာရောက် ထောက်ပံ့ ပေးအပ်ခဲ့ကြသည်။ **(အောက်ပုံ)** (၁၁၁)



# မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း သင်တန်းဆင်းပွဲကျင်းပ

ရန်ကုန် အောက်တိုဘာ ၁၁

မြန်မာနိုင်ငံမူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းနှင့် Burnet Institute Myanmar တို့ပူးပေါင်း၍ စက်တင်ဘာ ၂၉ရက်မှ အောက်တိုဘာ ၁ရက်အထိ ဖွင့်လှစ်ခဲ့သည့် စီမံခန့်ခွဲမှုစွမ်းရည်တိုးတက်ရေးသင်တန်းဆင်းပွဲအခမ်းအနားကို အောက်တိုဘာ ၁ရက် ညနေက ဗဟန်းမြို့နယ် ဝိဇယပလာဇာ Burnet Institute ဗဟိုသင်တန်းခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံမူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း (ဗဟို)ဥက္ကဋ္ဌ အငြိမ်းစား သံအမတ်ကြီး ဦးစံသိန်း၊ သင်တန်းတာဝန်ခံ ဒေါက်တာလှဌေးတို့က သင်တန်းဆင်း အမှာစကားပြောကြားပြီး သင်တန်းသားများကိုယ်စား ရန်ကုန်တိုင်းဒေသကြီး မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းဥက္ကဋ္ဌ ဒုတိယရဲမှူးကြီး စိုင်းအောင်မင်း(ငြိမ်း)၊ မွန်ပြည်နယ် မုဒုံမြို့နယ် မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းဥက္ကဋ္ဌ ဒုတိယရဲမှူး ကျော်မောင်(ငြိမ်း)တို့က ကျေးဇူးတင်စကားပြောကြားကြသည်။

သင်တန်းကို မြန်မာနိုင်ငံမူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း (ဗဟို)မှ ဥက္ကဋ္ဌနှင့် ဗဟိုအလုပ်အမှုဆောင်များ၊ ပြည်နယ်၊ တိုင်းဒေသကြီးများနှင့် မြို့နယ်မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းဥက္ကဋ္ဌ ၃၀တို့ တက်ရောက်ကြပြီး ပြည်တွင်း၊ ပြည်ပမှ ပညာရှင်များက စာတွေ့၊ လက်တွေ့ ပို့ချခဲ့ကြကြောင်းသိရသည်။ **(၁၁၃)**



မြန်မာနိုင်ငံမူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း(ဗဟို)ဥက္ကဋ္ဌ အငြိမ်းစားရဲချုပ် ဦးစံသိန်းက မြို့နယ်ဒုတိယဥက္ကဋ္ဌ ဦးစိုးဝင်း (သတင်းထောက်စဉ့်ကူစိုးဝင်း)အား သင်တန်းဆင်း လက်မှတ်ပေးအပ်စဉ်။

# မြို့နယ်သတင်း ထွေတလာ

# ကမ္ဘာ့ဆရာများနေ့ မြစ်ကြီးနား၌ ကျင်းပ

မြစ်ကြီးနား အောက်တိုဘာ ၈

၂၀၁၀ခုနှစ် အောက်တိုဘာ ၅ရက် ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ် အခမ်းအနားကို အောက်တိုဘာ ၅ရက် နံနက် ၉ နာရီက မြစ်ကြီးနားမြို့ မြို့တော်ခန်းမ၌ ကျင်းပရာ ကချင်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးအောင်မင်း တက်ရောက်၍ အမှာစကားပြောကြားသည်။

**ဆုများပေးအပ်**

ဆက်လက်၍ ပြည်နယ်ပညာရေးမှူး ဦးခင်မောင်ထွေးက ကမ္ဘာ့ဆရာများနေ့ ကျင်းပရခြင်းအကြောင်းကို တင်ပြပြီးနောက် ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲနှင့် ကဗျာပြိုင်ပွဲဆုရရှိသူများကို ပြည်နယ်အတွင်းရေးမှူး ဦးအောင်မင်းနှင့် တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ကြသည်။

အစီအစဉ်အရ ဒုတိယပိုင်းကို ဆက်လက်ကျင်းပရာ အငြိမ်းစား ဆရာ ဆရာမကြီး ၂၉ ဦးတို့အား ဆရာ ဆရာမ၊ ကျောင်းသား ကျောင်းသူများက ကန်တော့ကြပြီး ဂါရဝပြုလက်ဆောင်များ ပေးအပ်ကြကြောင်း သိရသည်။ **(၀၀၃)**



ကျိုက်လတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က စည်ပင်သာယာရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုကို အောက်တိုဘာ ၄ရက်က ဧရာဝတီတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးဖုန်းလွင် ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးအောင်သန်းလွင်နှင့် ဒုတိယဦးစီးမှူး ဦးနေဝင်းတို့ ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

# မြန်မာနိုင်ငံဆန်စပါး လုပ်ငန်းအသင်းရုံးဖွင့်ပွဲနှင့် ဆိုင်းဘုတ်တင်ပွဲ ပေါက်ခေါင်း၌ ကျင်းပ

ပေါက်ခေါင်း အောက်တိုဘာ ၁၀

ပဲခူးတိုင်းဒေသကြီး ပေါက်ခေါင်းမြို့တွင် မြန်မာနိုင်ငံဆန်စပါးလုပ်ငန်းအသင်းရုံး(MRIA)ဖွင့်ပွဲနှင့် ဆိုင်းဘုတ်တင်ပွဲကို စက်တင်ဘာ ၂၅ရက် နံနက် ၁၀နာရီက အမှတ်(၃)ရပ်ကွက် ပြည်-တောင်ငူကားလမ်းဘေးရှိ အသင်းရုံး၌ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်လတ်၊ မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ခရိုင်မန်နေဂျာ ဦးသန်းဦးနှင့် အသင်းဥက္ကဋ္ဌ ဦးညိုအေးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြပြီး ဆိုင်းဘုတ်ကို အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြသည်။

**တက်ရောက်**

ဆက်လက်၍ အသင်း၏ ပထမအကြိမ်လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဆက်လက်ကျင်းပရာ ခရိုင်မန်နေဂျာ၊ အသင်းအလုပ်အမှုဆောင်အဖွဲ့နှင့် အသင်းသားလုပ်ငန်းရှင်များ တက်ရောက်ကြသည်။ **(ဆန်စပါးလုပ်ငန်းအသင်း)**

# မကွေးတိုင်းရင်းဆေးရုံ ဝန်ထမ်းအိမ်ရာ ပန္နက်တင်ပွဲ ကျင်းပ

မကွေး အောက်တိုဘာ ၆

ကျန်းမာရေးဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာန မကွေးတိုင်းရင်းဆေးရုံတွင် အိမ်ရာပန္နက်တင်မင်္ဂလာအခမ်းအနားကို ဩဂုတ် ၃၁ရက် နံနက် ၉နာရီက ဆေးရုံအုပ်နေအိမ်ဆောက်လုပ်မည့်နေရာ၌ ကျင်းပသည်။

အဆိုပါ အခမ်းအနားသို့ မကွေးတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်(၂)ဦးစိန်လှိုင်၊ တိုင်းရင်းဆေးပညာဦးစီးဌာန တိုင်းဦးစီးဌာနမှူး ဒေါ်ကြူကြူ၊ ဆေးရုံအုပ်ဦးအောင်စိုး၊ မြို့မိမြို့ဖ ဦးလှဆန်း(ကေမ္ဘာအိမ်ဆောက်ပစ္စည်း ရောင်းဝယ်ရေး)နှင့် မြို့နယ်စာပေနှင့်စာနယ်ဇင်း ဥက္ကဋ္ဌ ဦးဝင်းမြင့်(မကွေးဝင်းမြင့်)တို့ တက်ရောက်ကာ ပန္နက်တင်ပေးခဲ့ကြကြောင်း သိရသည်။ **(တိုင်းရင်းဆေးရုံ)**

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

## ပြည်သူ့သဘောထား

- တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ
လေလှိုင်းသံ လူသတ်သမား-
နားမယောင်လေနဲ့ သတိထား။



နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်နှင့် ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာ အဘီဆစ် ဝဲ့ချာချီဝတို့ ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးကြစဉ်။ (သတင်းစဉ်)

## ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာ အဘီဆစ် ဝဲ့ချာချီဝ ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များအား ဂုဏ်ပြုကြိုဆို

နေပြည်တော် အောက်တိုဘာ ၁၁

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်၏ ဖိတ်ကြားချက်အရ ချစ်ကြည်ရေးခရီးလည်ပတ်ရန် နေပြည်တော်သို့ ရောက်ရှိနေသည့် ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာ အဘီဆစ် ဝဲ့ချာချီဝအား နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်က ဂုဏ်ပြုကြိုဆိုသည့် အခမ်းအနားကို ယနေ့နံနက် ၁၀နာရီ မိနစ်၄၀တွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်ရှေ့၌ ကျင်းပသည်။

စာမျက်နှာ ၃ ကော်လံ ၄ ✳

## နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် စပိန်နိုင်ငံ အမျိုးသားနေ့ သဝဏ်လွှာပေးပို့

နေပြည်တော် အောက်တိုဘာ ၁၂

၂၀၁၀ခုနှစ် အောက်တိုဘာ ၁၂ရက်တွင် ကျရောက်သော စပိန်နိုင်ငံ၏ အမျိုးသားနေ့ အခါသမယ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်ထံမှ စပိန်နိုင်ငံဝန်ကြီးချုပ် မစ္စတာ ဟိုဆေးလူဝီ ရိုဒရီဂေးဇ် ဇာပါတဲရို ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

စည်းလုံးညီညွတ်ရေးနှင့် ဒီမိုကရေစီပါတီ ကချင်ပြည်နယ် (စဒက) ဗဟိုအလုပ်အမှုဆောင်ကော်မတီ တွဲဖက်အတွင်းရေးမှူး ဒေါ်ခွဲဘူ၏ ဟောပြောတင်ပြချက်ကို စာမျက်နှာ (၄) နှင့် ကရင်ပြည်နယ် ဒီမိုကရေစီနှင့် ဖွံ့ဖြိုးတိုးတက်ရေးပါတီ ဥက္ကဋ္ဌ ဦးစောသာထူးကျော်၏ ဟောပြောတင်ပြချက်ကို စာမျက်နှာ (၅) တွင် ဖော်ပြထားပါသည်။